ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊နယုန်လပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့၊ (6-6-2004)(၄၂၅၆)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နေသာချိန်ရှိ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့တော်ကြီးတစ်ခွင်လုံး လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများ အမြဲမပြတ်စစ်ဆေးပြုပြင် အခြေခံအကျဆုံးလူများစုနေထိုင်ရာ ရပ်ရွာဒေသများ တိုးတက်ကောင်းမွန်အောင် အလေးထားစီမံ ဆင်ခြေဖုံးဒေသများကိုပါ မြို့နယ်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရန် မပြတ်ဆောင်ရွက်

ရန်ကုန် ဇွန် ၅

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိုးရာသီကျရောက်ပြီဖြစ်သည့်အတွက် အိမ်ရာစီမံကိန်းအသစ်များ တည်ဆောက်ရန် အခြေအနေမပေးသော်လည်း တည်ဆောက်ဆဲလုပ်ငန်းများကို အချိန်အခါပေါ် မူတည်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တည်ဆောက်ဆဲအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း မိမိတို့၏ တည်ဆောက်ရေးလုပ်ငန်းများကြောင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာ မပျက်ယွင်းစေရအောင် သတိပြု ဆောင်ရွက်ကြဖို့လိုကြောင်း။

ပံ့ပိုးကူညီ

ရန်ကုန်မြို့တော်အတွင်း လမ်းများ၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အိမ်ရာစီမံကိန်း တည်ဆောက်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအပိုင်းကလည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐



ဆွေးနွေး မှာကြား

မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး(၂/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၆-၆-၂၀၀၄
(တနင်္ဂနွေနေ့)

နိုင်ငံတော်ဝန်ကြီးချုပ်၏ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၄ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က လှိုက်လှဲရင်းနှီး ခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က အစိုးရအိမ်တော် အပြာရောင်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အတွက်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ဂျ်)နှင့် မိဖုရားသီရိခေတ်တို့အတွက်လည်းကောင်း ဆုမွန်ကောင်းများ တောင်း၍ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့အကြား သီးသန့်အထူးအစည်းအဝေးကို ဇွန်လ ၄ ရက် နေ့က ဗန်ကောက်မြို့ အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သီးသန့်အထူးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းတို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ တွေ့ဆုံဆွေးနွေးပွဲကို အစိုးရအိမ်တော် အစိမ်းရောင် ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာ-ထိုင်း တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးတူစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် ပုဂံထိပ်သီးအစည်းအဝေးမှ ချမှတ်ခဲ့သော ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်အရ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာ-ထိုင်း နှစ်နိုင်ငံဝန်ကြီးချုပ်များက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မြဲလျက် ရှိသည်နှင့်အညီ နှစ်နိုင်ငံ အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမဖွင့်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသည့်အနေဖြင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ သဘာဝသမိုင်းနှင့်သဘာဝဝန်းကျင်ခန်းမဖွင့်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်စနာရီတွင် တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်)ရှိ သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ယှဉ်ပြိုင်ဖြေဆို

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို မူလတန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားလေးများ၏ (က)အသင်း၊ ကျောင်းသူလေးများ၏ (ခ)အသင်းတို့က တိရစ္ဆာန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သော ဉာဏ်စမ်းပဟေဠိမေးခွန်းများကိုယှဉ်ပြိုင်ဖြေဆိုကြသည်။

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူလေးများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် တာဝန်ရှိသူများက တိရစ္ဆာန်နှင့်ပန်းဥယျာဉ် (ရန်ကုန်)၏ သမိုင်းကြောင်းနှင့် သိကောင်းစရာများ၊အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်း၊ သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမ၌ ဆောင်ရွက်ထားမှု အခြေအနေများ၊ ရှားပါးတိရစ္ဆာန်များ ပြည်တွင်း၌စုဆောင်းခြင်း၊ ပြည်ပနိုင်ငံများနှင့် တိရစ္ဆာန်ချင်းလဲလှယ်ခြင်း၊ လက်ရှိတိရစ္ဆာန်များအား မျိုးပွားခြင်း၊ အင်တာနက်ဖြင့် တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြကွင်းပြကွက်များ၊ ဉာဏ်စမ်းပဟေဠိများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူတို့ အချိန်မရွေးကြည့်ရှုလေ့လာနိုင်ကြစေရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြိုသဘာဝသမိုင်းနှင့် သဘာဝဝန်းကျင် ခန်းမဖွင့်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ပို့ဆောင်ရေးနှင့် လယ်/ဆည် ဂိုးအပြိုင်သွင်း ပို့ဆောင်ရေးအနိုင်ရကာ အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၅

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် လယ်/ဆည်အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့သည် ယမန်နေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေး(က) အသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပို့ဆောင်ရေး(က)အသင်း ခြောက်ဂိုး
ဝင်းမင်းထွဋ် (ပိုင်နယ်တီနှစ်ဂိုး)၊ မြတ်မင်းဦး၊မောင်မောင်မြင့်၊ကိုကိုနိုင်နှင့် ကျော်ဇေယျာမင်း (တစ်ဂိုးစီ)

လယ်/ဆည်အသင်း လေးဂိုး
စည်သူမောင်(နှစ်ဂိုး)၊ ခင်မောင်လွင်နှင့် နေဇင်လင်း (တစ်ဂိုးစီ)

အကောင်းဆုံးဆု ဝင်းမင်းထွဋ် (ပို့ဆောင်ရေး)

ဒိုင်လူကြီး ဦးထွန်းဝေ

အကြိုဗိုလ်လုပွဲသို့ တက်ရောက်ရေးအတွက် နှစ်သင်းစလုံး အားကုန်ထုတ်ကစားကြရာ ပွဲမှာ အပြန်အလှန်ဖြင့် အကြိတ်အနယ်ရှိကာ ဂိုးအပြိုင်အဆိုင် သွင်းခဲ့ကြသည်။

ပထမပိုင်း၁၇မိနစ်တွင် ဝင်းမင်းထွဋ်က ပိုင်နယ်တီမှတစ်ဆင့် ပို့ဆောင်ရေးအတွက်ဂိုးစတင်သွင်းယူပြီး ဒုတိယဂိုးကို မြတ်မင်းဦးက ၃၈မိနစ်တွင် ပြစ်ဒဏ်ဘောလုံးမှတစ်ဆင့်ခေါင်းတိုက်သွင်းယူခဲ့သည်။

လယ်/ဆည်မှ စည်သူမောင်က ၄၄ မိနစ်တွင် ပိုင်နယ်တီမှ တစ်ဆင့် ချေပဂိုးတစ်ဂိုး သွင်းခဲ့သည်။ဒုတိယပိုင်းအစ သုံးမိနစ်မှာပင် မောင်မောင်မြင့်က ပို့ဆောင်ရေးအတွက်တတိယဂိုးသွင်းယူသည်။ တစ်ဖန် လယ်/ဆည်က ပြန်ဖိလာပြီး ကိုးမိနစ်တွင် စည်သူမောင်နှင့် ၁၅မိနစ်တွင် ခင်မောင်လွင်တို့က နှစ်ဂိုးသွင်းသဖြင့် သုံးဂိုးစီသရေဖြစ်နေသည်။

ထို့နောက် ပို့ဆောင်ရေးမှ ကိုကိုနိုင်၊ ကျော်ဇေယျာမင်းနှင့် ဝင်းမင်းထွဋ် (ပိုင်နယ်တီ)တို့က သုံးဂိုး ဆက်တိုက်သွင်းယူပြီး လယ်/ဆည်မှ နေဇင်လင်းက တစ်ဂိုး ပြန်ချေ၍ ပို့ဆောင်ရေးက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

ယှဉ်ပြိုင်ကစားမည်

ဇွန်၇ရက်တွင် ပထမအကြို ဗိုလ်လုပွဲအဖြစ် စွမ်းအင်နှင့် သစ်တောရေးရာ၊ ဇွန်၁၀ရက်တွင် ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး(က)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

ထူးခြားမြစ်ရေအခြေအနေ

ရန်ကုန် ဇွန် ၅

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၅၈၂ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄နာရီအတွင်း၂၀၄စင်တီမီတာ(ခုနစ်ပေခန့်) တိုးလာပါသည်။ အဆိုပါ ချင်းတွင်းမြစ်ရေသည် နောက်နှစ်ရက်မှငါးရက်အတွင်းချင်းတွင်းမြစ်ရိုး တစ်လျှောက်တွင်၁၈၀စင်တီမီတာ(ခြောက်ပေခန့်) လက်ရှိရေမှတ်များထက် ရုတ်တရက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အဝေရာလမ်း အမှတ် ၅၄၂ နေ ဦးရွှေသန်း-ဒေါ်သီတာနှင့် သားသမီးများဖြစ်ကြသော ကိုကျော်စွာ-မတင်တင်အေး၊သမီး သက်နှင်းခင်ခင်၊ ဒေါက်တာ မောင်မောင်လတ်-ဒေါက်တာချောစုလှိုင်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ဇွန် ၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဦးစိုင်းထွန်းအောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်

ကြေညာချက်အမှတ်(၁၆၁၉)
(၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)
(၂၀၀၄ခုနှစ်၊ဇွန်လ ၅ ရက်)

အကြောင်းအရာ။ **ဦးစိုင်းထွန်းအောင်အား ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့် ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ်၊လင်းခေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်က မိမိအားအမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ ဖိတ်ကြားသဖြင့် ၁၇-၅-၂၀၀၄ရက်နေ့၌ ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ၉-၅-၂၀၀၄ရက်နေ့၌ သွားရောက်ခဲ့ကြောင်း၊ သို့ရာတွင် ၁၄-၅-၂၀၀၄ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးမှ အမျိုးသားညီလာခံသို့ မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး ၁၈-၅-၂၀၀၄ရက်နေ့၌ ရန်ကုန်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း။

၂။ အမျိုးသားညီလာခံသို့ဗဟိုကော်မတီအစည်းအဝေးမှ မတက်ရောက်ရန်ဆုံးဖြတ်ခဲ့ခြင်းမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးကိုင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း သိရှိရသဖြင့် မိမိအနေဖြင့် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွား ကို ရှေးရှု၍ နိုင်ငံတော်က အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ပေးသည့် ညီလာခံဖြစ်သည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

၃။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ညီလာခံသို့မတက်ရောက်ခြင်းမှာ လွန်စွာမှားယွင်းသောလုပ်ရပ်ဖြစ်သည်ဟု ခံစားရပါကြောင်း။

၄။ ထို့ကြောင့် မိမိသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဆက်လက်လုပ်ကိုင် ရန်ဆန္ဒ မရှိတော့သဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှလည်းကောင်း၊ လင်းခေး မြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတာဝန်မှလည်းကောင်း၊ ဗဟိုကော်မတီဝင် အဖြစ်မှ လည်းကောင်း နုတ်ထွက်ခွင့်ပြုပါရန် ၂၉-၅-၂၀၀၄ရက်နေ့တွင် အဖွဲ့ချုပ်သို့စာတင်ခဲ့ပြီးဖြစ်ပါကြောင်း။

၅။ သို့ပါ၍ မိမိသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်မဖြစ်တော့သည့်အတွက် မိမိအား လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ဦးစိုင်းထွန်းအောင်က ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၆။ အထက်ပါ ဦးစိုင်းထွန်းအောင်၏ တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ၁၁၊ ပုဒ်မခွဲ(င)နှင့်အညီ ဦးစိုင်းထွန်းအောင်အား ယနေ့မှစ၍ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြု လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

ဦးစိုင်းထွန်းအောင်၏ တင်ပြချက်ကို မှတ်တမ်းတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်

သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၁/၂၀၀၄)
(၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်၃ရက်)
(၂၀၀၄ခုနှစ်၊ ဇွန်လ ၅ရက်)

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်၏အောက်ပါတင်ပြချက်ကို ဤကော်မရှင်က မှတ်တမ်း တင်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်-

"မိမိဦးစိုင်းထွန်းအောင်[၁၃/လခတ(နိုင်) ၀၀၄၂၅၈]သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီဝင်အဖြစ်မှလည်းကောင်း၊ လင်းခေးမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ပါတီဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပေးပါရန် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်သို့ တင်ပြချက်"

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ရှေ့နေချုပ်ရုံးက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြားစီမံဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ တေဇနိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယရှေ့နေချုပ်က တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံပြီး ဆရာတော်က အနုမောဒနာ တရားချီးမြှင့်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဒုတိယရှေ့နေချုပ်နှင့်ဇနီး၊ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။ (သတင်းစဉ်)

လက်ခံရယူ

ဇွန်၄ရက်ကအမှတ်(၄) ထီးတန်း (၅)လမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဒေါက်တာသန့်ဇင်၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် အလှူတော်ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က-ပ)

အထူးသန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၅

ပန်းဘဲတန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက်၊ (၃၂)လမ်းအလယ်တွင် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူးဦးတင်မောင်ဦး၊ ဦးကြည်ဇင်၊ဦးခင်မောင်ရင်တို့ကြီးမှူး၍ ယနေ့နံနက်ကစနေနေ့ အထူးသန့်ရှင်းရေးဆောင်ရွက်ပွဲကို လမ်းသူ လမ်းသားများ၊ စက္ကူအရောင်းဆိုင်များမှ လုပ်သားများနှင့် စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

သန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဝဲယာရေမြောင်းများ ရေစီးရေလာ သွက်လက်မြန်ဆန်စေရန် ပိတ်ဆို့နေသောအမှိုက်များ၊ မြောင်းချေးများ ဆယ်ယူခြင်း၊ ရေမြောင်းများအတွင်း ရေဝင်ပေါက်များမှ အမှိုက်များ မဝင်နိုင်စေရန် သံဆန်ခါများ တပ်ဆင်ခြင်းဆောင်ရွက်ကြသည်။

လမ်းသာယာရေး ကော်မတီသည် ရေမြောင်းဖုံးအသစ်များတပ်ဆင်နိုင်ရန် ဆောင်ရွက်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ရန် သန့်ရှင်းရေးလုပ်သားထားရှိသည့်အပြင် နောက်ဖေးလမ်းကြားကိုလည်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ (၁၉)



မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

Singapore Association in Myanmar(၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် Pun Hlaing Golf Resort ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့် မြန်မာနိုင်ငံရောက် စင်ကာပူ နိုင်ငံသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် တီခုံအမှတ်(၁)နှင့် တီခုံ အမှတ်(၁၀)တို့မှစတင်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးတို့အပါအဝင် မြန်မာနိုင်ငံရောက် စင်ကာပူနိုင်ငံသားများ၊ အထူးဖိတ်ကြားထားသူများသည် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၈။ ပုလင်းရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English .
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၀၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၄၈)**
- ၁၂း၀၅ ၅။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁၂း၁၅ ၆။ **မြန်မာရုပ်ရှင် ပန်းတစ်ပွင့်ဖန်ဆင်းခြင်း (လွင်မိုး၊လူမင်း၊ထက်ထက်မိုးဦး၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)**
- ၂း၄၅ ၇။ International News.
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
- ၅း၂၅ ၇။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၅း၃၅ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ ကချင်ရိုးရာဝတ်စားဆင်ယင်မှု
- ၅း၅၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၃၀ ၁၁။ ညနေခင်းသတင်း
- ၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၁၈)**
- ၇း၃၀ ၁၄။ ဖားစည်သံဝေ ကရင်တို့ဌာနေ
- ၇း၄၅ ၁၅။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း ဖူးစာလို့ပဲဆို (အပိုင်း-၂) (ကျော်သူ၊ ဒွေး၊ စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံခြားသတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်တိုက်ခိုက်ရေးသမားများ ကူဖာ၌ တိုက်ပွဲဖြစ်ပွား

ကူဖာ(အီရတ်) ဇွန် ၅

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် နာဂျက်ဖ်မြို့အပြင်ဘက် ကူဖာတွင် ဗုဒ္ဓဟူးနေ့က တိုက်ပွဲဖြစ်ပွားကြရာ အီရတ်လေးဦးထက်မနည်း သေဆုံးပြီး ၃၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ခေါင်းဆောင်က အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဇွန် ၂ ရက်က အီတလီနိုင်ငံ ရောမမြို့လယ်တွင် ကန့်ကွက်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရိုက်တာသတင်းဌာနမှ သတင်းထောက်တစ်ဦးက တိုက်ခိုက်သံများကို တစ်နေ့လုံး မကြာမကြာ ကြားခဲ့ရကြောင်း၊ ယမန်နေ့ညနေက တစ်နာရီကြာ တိုက်ခိုက်မှုအား ပွဲတင်ထပ်သည့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

ဝင်ရောက်ခဲ့

အမေရိကန် ကင်းလှည့် တင့်ကားများသည် ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် နာဂျက်ဖ်မြို့မှ ကူဖာမြို့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် လူလေးဦး သေဆုံးသွားပြီး ၃၆ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ အများစုမှာ အီရတ်အရပ်သားများဖြစ်ကြောင်း ကူဖာနှင့် နာဂျက်ဖ်ရှိ ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

လွှဲချော်ခဲ့

အမေရိကန် တပ်ဖွဲ့အားပစ်ခတ်သော စိန်ပြောင်းကျည်ဆန်သည် ပစ်မှတ်မထိ လွဲချော်ခဲ့သောကြောင့် လူအများစု အထိနာခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

အမေရိကန်တပ်မှူးများက ယင်းသို့သော ဖြစ်ရပ်များအပေါ် အကောင်းမြင်သဘောထားလျက်ရှိပြီး ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ တိုက်တွန်းနှိုးဆော်ထားသည့် အပစ်အခတ် ရပ်စဲရေးကို ကမ်းလှမ်းလျက်ရှိနေကြောင်း ပြောကြားကြသည်။

ရုပ်သိမ်းမည်

အယ်လ်ဆာဒါ၏ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက နာဂျက်ဖ်မြို့မှ ရွှေ့ပြောင်းရန် နောက်ထပ်တောင်းဆိုသည့် စည်းကမ်းချက်များကို သဘောတူထားပြီး စနေနေ့မှစတင်၍ တပ်များရုပ်သိမ်းမည်ဖြစ်ကြောင်း နာဂျက်ဖ် အုပ်ချုပ်ရေးမှူး ဇာဖိကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆုံးသတ်

ထင်ရှားသည့် ရှီးယိုက်နိုင်ငံရေးသမား အာမက်ချာလာဘီအပါအဝင် အီရတ်နိုင်ငံရေးသမားများသည် တိုက်ခိုက်မှုများ အဆုံးသတ်ရေးညှိနှိုင်းရန် ကြိုးပမ်းသည့် အနေဖြင့် နာဂျက်ဖ်မြို့သို့ ဗုဒ္ဓဟူးနေ့က ရောက်ရှိနေကြောင်း ဒေသခံ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီရဲတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းစေလို လူထုစစ်တမ်း၌ ပေါ်တူဂီပြည်သူအများစု လိုလား

လစ္စဘွန်း(ပေါ်တူဂီ) ဇွန် ၅

ပေါ်တူဂီနိုင်ငံက ဖြန့်ချထားသည့် ရဲတပ်ဖွဲ့ဝင် ၁၂၀ ဦးကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းစေလိုကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတွင် မေးမြန်းခံရသူများ၏ ၇၄ ရာခိုင်နှုန်းနီးပါးက ထုတ်ဖော်ပြောကြားသည်။

စစ်ရေးနှင့် နိုင်ငံရေးအခြေအနေ ပိုမိုဆိုးရွားနေသည့်ကြားထဲကပင် ပေါ်တူဂီရဲတပ်ဖွဲ့ဝင်များအား အီရတ်၌ ဆက်လက်ထားရှိသင့်ပါသလောဟူသည့် မေးခွန်းကို လူထုစစ်တမ်းတွင် မေးမြန်းထားရာ မေးမြန်းခံရသူများ၏ ၇၃ ဒသမ ၈ ရာခိုင်နှုန်းက ဆက်လက်မထားရှိသင့်တော့ကြောင်း ပြောကြားသည်ဟု ပေါ်တူဂီသတင်းစာတစ်စောင်က ဖော်ပြသည့် လူထုစစ်တမ်းတွင် မေးမြန်းခံရသူအခြားလူများက ၎င်းတို့မသိကြောင်းနှင့် တုံ့ပြန်မှုမပေးကြကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်မှုကို နှုတ်အားဖြင့် ထောက်ခံသည့် ပေါ်တူဂီအစိုးရသည် ပေါ်တူဂီရဲတပ်ဖွဲ့ဝင်များ ဖြန့်ချမှုကို ဇွန် ၃၀ ရက်တွင် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ပေါ်တူဂီရဲတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် အီတလီတပ်ဖွဲ့ဝင်များ၏ ကြီးကြပ်မှုအောက်၌ လွန်ခဲ့သည့်နှစ် နိုဝင်ဘာကတည်းက ဖြန့်ချထားခဲ့သည်။ ယခုအချိန်အထိ အီရတ်နိုင်ငံတွင် ပေါ်တူဂီတစ်ဦးတစ်ယောက်မျှ သေဆုံးခဲ့ခြင်းမရှိသေးပေ။

အင်တာနက်။

ဇွန် ၂ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဆွေမျိုးသားချင်းတစ်ဦး သေဆုံးသွားသည့်အတွက် ငိုကြွေးနေသည့် အီရတ် အမျိုးသမီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁ ရက်က အီရတ်နိုင်ငံ ကူဖာဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဝင်ရန် နေရာယူနေသည့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂဝန်ထမ်းများ လုံခြုံရေးကောင်းလျှင် အီရတ်သို့ ပြန်လာဖွယ်ရှိ

ကုလသမဂ္ဂ ဇွန် ၅

အီရတ်နိုင်ငံအား အမေရိကန်နှင့် ဗြိတိန်တပ်များ တိုက်ခိုက်သိမ်းပိုက်ထားမှု အဆုံးသတ်ပြီးလျှင်ပြီးချင်း ဇူလိုင် ၁ ရက်တွင် ကုလသမဂ္ဂက ယင်း၏ဝန်ထမ်းများကို အီရတ်သို့ ပြန်လွှတ်ကောင်း လွှတ်မည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ကပ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ကုလသမဂ္ဂက အီရတ်တွင် ရုံးအဆောက်အအုံ ဆောက်လုပ်မည့်နေရာကိုရှာဖွေခြင်း၊ အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့် အဆောက်အအုံများ လုံခြုံမှုအတွက် စီစဉ်ရေးကို အချို့သော နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမှုအပါအဝင် အီရတ်သို့ ဝန်ထမ်းများ ပြန်လွှတ်ရေးကိုပြင်ဆင်လျက်ရှိကြောင်းဖြင့် ဖရက်အက်ကပ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

သို့သော် အီရတ်သို့ ကုလသမဂ္ဂဝန်ထမ်းများ ပြန်လာရေးမှာ အီရတ်နိုင်ငံအတွင်း လုံခြုံရေး အခြေအနေ တိုးတက်မှုပေါ်တွင် မူတည်ကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ကပ်က အခိုင်အမာပြောကြားလိုက်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်ဆိုင်ရာ ရန်ပုံငွေကို ထိန်းချုပ်မည်

အမေရိကန် အထက်လွှတ်တော်အမတ်များ တစ်ခဲနက်မဲပေးဆုံးဖြတ်

ဝါရှင်တန် ဇွန် ၅

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံဆိုင်ရာ ရန်ပုံငွေကို လုပ်ပိုင်ခွင့်အပြည့်အဝဖြင့် အသုံးပြုရန် ရှာကြံနေကြောင်း အမေရိကန်ပြည်ထောင်စုရှိ ပါတီနှစ်ပါတီမှ လွှတ်တော်အမတ်များက ဝေဖန်ပြောကြားပြီးသည့်နောက် အမေရိကန်လွှတ်တော်အမတ်များက ဒေါ်လာ ၂၅ ဘီလျံရှိ ယင်းရန်ပုံငွေအား ထိန်းချုပ်ရန် ဗုဒ္ဓဟူးနေ့က တစ်ခဲနက် မဲပေးဆုံးဖြတ်ကြသည်။

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံအတွက် အသုံးပြုမည့် ရန်ပုံငွေအား ထောက်ခံသည့် ပြင်ဆင်ချက်တစ်ရပ်ကို အထက်လွှတ်တော်က တညီတညွတ်တည်း အတည်ပြုပေးကြကြောင်း၊ သို့ရာတွင် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရာတွင် ငွေရွှေ့ပြောင်းရေးနှင့် သုံးစွဲရာတွင် လစဉ်အစီရင်ခံစာတင်သွင်းရန် လိုအပ်မှုစသည်တို့အပေါ်တွင် တင်းကျပ်သည့် ထိန်းချုပ်မှုများပြုလုပ်ထားသည်။

ကန့်ကွက်မဲမရှိဘဲဖြင့် အတည်ပြုပေးခဲ့သည့် အထက်လွှတ်တော် အစီအစဉ်က ဖော်ပြပါရန်ပုံငွေအား ထင်သလို အသုံးပြုမှုအစား အိမ်ဖြူတော်က ထိန်းချုပ်ရန် ခွင့်ပြုမည်ဖြစ်သည်။ အိမ်ဖြူတော်ရုံး စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာန ဒုတိယညွှန်ကြားရေးမှူး ကက်ပလန်က ယင်းအထက်လွှတ်တော်အစီအစဉ်ကို ထောက်ခံခဲ့သည်။ ယင်းအစီအစဉ်သည် တရားဝင်ဖြစ်သော်လည်း အောက်လွှတ်တော်၏ မှားယွင်းချွတ်ချော်၍ ပြုလုပ်မိခဲ့သော တာဝန် ဝတ္တရားများနှင့် ကာကွယ်ရေးဌာနက ၎င်းတို့၏ တပ်မှူးများ မည်သည့်နေရာတွင်နှင့် မည်သည့်အရာကို အသုံးပြုရန် လိုအပ်ကြောင်း အသေအချာ ဆောင်ရွက်ပေးစေနိုင်သည့် ပြောင်းလွယ်ပြင်လွယ်နိုင်မှု အနေအထားအား ကောင်းမွန်စွာ ကိုက်ညီထားနိုင်သည့် အစီအစဉ်ဖြစ်ကြောင်း ကက်ပလန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်၏ ကလပ်စတာဗုံး ထိမှန်ခံရသူ အီရတ်မိန်းကလေး ဆေးဝါးကုသမှုခံယူရန် ဘယ်ဂျီယံနိုင်ငံသို့ ရောက်ရှိ

ဘရပ်ဆယ် ဇွန် ၄

အီရတ်မိန်းကလေးငယ်တစ်ဦးသည် ဘဂ္ဂဒက်တွင် အမေရိကန်တို့ ကြဲချခဲ့သော ကလပ်စတာဗုံးခေါ် ဗုံးပဒေသာ ထိမှန်ခံရသည့်အတွက် ဒဏ်ရာရခဲ့သည်။ ထိုမိန်းကလေးသည် သူမ၏ဒဏ်ရာကို ကုသရန် ဗုဒ္ဓဟူးနေ့က ဘယ်ဂျီယံနိုင်ငံသို့ ရောက်ရှိလာကြောင်း သတင်းဌာနများက ဖော်ပြခဲ့ကြသည်။

ဘယ်ဂျီယံနိုင်ငံသို့ ရောက်ရှိသွားသော မိန်းကလေးမှာ အသက် ၁၄ နှစ်အရွယ်ရှိ ဟီဘာကာဆင်မ်ဖြစ်သည်။ သူမသည် ပြီးခဲ့သောနှစ် ဒီဇင်ဘာလအတွင်း ပေါင်မုန့်ဝယ်ရန် အိမ်မှထွက်သွားစဉ် ဗုံးထိမှန်ခံရခြင်း ဖြစ်သည်။

သူမသည် ဘယ်ဂျီယံသို့ သွားရောက် ကုသမှုမခံယူဘဲ ဘဂ္ဂဒက်၌သာ ဆက်လက်နေထိုင်မည်ဆိုပါက လက်တစ်ဖက် သို့မဟုတ် ခြေတစ်ဖက်ကို ဖြတ်ပစ်ရဖွယ်ရှိကြောင်း ဘယ်ဂါသတင်းဌာနက ဖော်ပြသည်။ ထိုသတင်းဌာနသည် ဘယ်ဂျီယံသတင်းဌာနတစ်ခုဖြစ်သည်။

သူမကို ဘဂ္ဂဒက်မှ သွားရောက်ခေါ်ယူလာသော ဆရာဝန်မှာ ဇန်မူတာဖြစ်သည်။ ၎င်းမှာ ပြီးခဲ့သောနှစ်တွင် အမေရိကန်များ ဗုံးကြဲနေစဉ် အချိန်က အီရတ်တွင် ရှိနေခဲ့ပြီး အီရတ်သို့ အကြိမ်ကြိမ်ရောက်ဖူးသူလည်းဖြစ်သည်။

ဒဏ်ရာရနေသူ ဟီဘာကာဆင်မ်ကို ဘယ်ဂျီယံတွင် အထူးစစ်ဆေးမှုပြုလုပ်ပြီး ဆေးဝါးကုသမှု ခံယူစေမည်ဖြစ်သည်။ သူမကို အကူအညီပေးသော အဖွဲ့အစည်းမှာ တတိယကမ္ဘာကို ဆေးဝါးအကူအညီပေးနေသော အစိုးရမဟုတ်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ထိုအဖွဲ့တွင် ဆေးရုံနှင့် ကျန်းမာရေး လုပ်သားများ၊ စစ်ဆန့်ကျင်ရေးသမားများ၊ နိုင်ငံပြောင်းရွှေ့လာသော အလုပ်သမားများ၊ ထင်ရှားသော ပုဂ္ဂိုလ်များ ပါဝင်သည်။

သူမ ဘယ်ဂျီယံသို့ ရောက်ရှိလာစဉ် ဘရပ်ဆယ်မြို့ ဇာဗန်တမ်လေဆိပ်တွင် အာရပ်တီးလုံးများ တီးမှုတ်သီဆိုပြီး ပန်းစည်းများ၊ အလံများ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၃ ရက်က အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ ခရီးစဉ်ကို ကန့်ကွက် ဆန္ဒပြနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန့်ကွက် ဆန္ဒပြ

ဘဂ္ဂဒက်ရှိ အီတလီ သံရုံး စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇွန် ၄

ဘဂ္ဂဒက်မြို့တော်ရှိ အီတလီသံရုံး အနီးတွင် စိန်ပြောင်းကျည်များ ကြာသပတေးနေ့က ကျရောက် ပေါက်ကွဲသဖြင့် အီရတ်တစ်ဦး သေဆုံးပြီး သုံးလေးဦး ဒဏ်ရာရသွားသော်လည်း သံရုံးအမှုထမ်းများ ထိခိုက်ခြင်းမရှိဟု အီရတ်ဆေးရုံအရာရှိများနှင့် သံတမန်သတင်းရပ်ကွက်က ပြောဆိုသည်။

ထိခိုက်ဖွယ်

သံရုံးအဆောက်အအုံကို ထိမှန်ခြင်း မရှိကြောင်း၊ ထို့ပြင် သံရုံးအမှုထမ်းများမှာလည်း ထိခိုက်ဒဏ်ရာရခြင်း မရှိကြောင်း၊ လမ်းပေါ်မှ ဖြတ်သွားဖြတ်လာ လုပ်သူများသာ ထိခိုက်ဖွယ်ရှိကြောင်း သံရုံးအလုပ်သမားတစ်ဦးက ပြောဆိုသည်။

အနည်းငယ်သာ ထိမှန်

အီတလီသံရုံးမှာ ပြောက်ကျားတို့၏ တိုက်ခိုက်မှုကို မကြာမီလများအတွင်းက သုံးလေးကြိမ်ခံခဲ့ရပြီး အများအားဖြင့် အနည်းငယ်သာ ထိမှန်ပျက်စီးသည်။ လွန်ခဲ့သည့် နှစ်ကလည်း အီတလီသံရုံးကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခဲ့သေးသည်။

မကြာခဏ တိုက်ခိုက်

အီတလီနိုင်ငံက အီရတ်သို့ တပ်ဖွဲ့ဝင် ၂၇၀၀ ခန့် စေလွှတ်ထားသည့်အတွက် ပြောက်ကျားတို့၏ မကြာခဏ တိုက်ခိုက်မှုကို အီတလီနိုင်ငံသားတို့ ခံကြရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇွန် ၃ ရက်က ဘဂ္ဂဒက်မြို့ အီတလီသံရုံးအနီး စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲရာ နေရာသို့ ရောက်ရှိလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးအစည်းအဝေး ထိုင်း၌ ကျင်းပမည်

ဗန်ကောက် ဇွန် ၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် လာမည့်နှစ်တွင် ကျင်းပရန်ရှိသည့် (၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံတွင် ကျင်းပသွားရန် ရွေးချယ်ခဲ့ပြီးဖြစ်သည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကျန်းမာရေးအဖွဲ့အစည်းများ ထူထောင်ဆက်သွယ်ခြင်းနှင့် အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း နည်းလမ်းများဖြင့် ထိုင်းနိုင်ငံ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ အသိအမှတ်ပြု ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အခွင့်အလမ်း

ကမ္ဘာ့ကျန်းမာရေးမြှင့်တင်မှုအစည်းအဝေး ကျင်းပခွင့် ရရှိခြင်းသည် ထိုင်းနိုင်ငံအတွက် ကြီးကျယ်သော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ နာမည်ကောင်းသတင်း ကျော်စောခြင်း၊ ထိုင်းလူထုအနေဖြင့် ကျန်းမာရေးကို ပိုမိုဂရုစိုက်စေသော အခွင့်အလမ်းများ ဖြစ်ထွန်းလာဖွယ်ရှိခြင်း စသည့်အကျိုးများ ရရှိလာမည်ဟု ထိုင်းကျန်းမာရေးဝန်ကြီး ဆူဒါရတ်ကူယူရာဖန်က ပြောကြားသည်။

အကြောင်းအရာ လေးခု

ထိုအစည်းအဝေးကို လာမည့်နှစ် ဩဂုတ်လ ၇ ရက်မှ ၁၁ ရက်အတွင်း ကျင်းပသွားမည်ဖြစ်၏။ ၎င်းစည်းဝေးပွဲတွင် အကြောင်းအရာ လေးခုကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေး အခြေအနေ၊ အလိုအလျောက် ကျန်းမာရေး စောင့်ရှောက်မှု အဆင့်သို့ တက်လှမ်းခြင်း၊ ရောဂါကြီးများ တိုက်ဖျက်ရေးနှင့် ကမ္ဘာ့ကျန်းမာရေးကို စိန်ခေါ်နေသော ပြဿနာများဟူသော ခေါင်းစဉ်များပင် ဖြစ်သည်။

မှန်းဆထား

ကမ္ဘာ့ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး အစည်းအဝေးသို့ နိုင်ငံပေါင်းများစွာမှ ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်တို့ ပါဝင်တက်ရောက်လိမ့်မည်ဟု မှန်းဆထားကြသည်။ အထက်တန်း နိုင်ငံရေးသမားများ၊ ကျန်းမာရေးနှင့် ရောဂါကာကွယ်ရေး ကျွမ်းကျင်သူများ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြဖွယ်ရာရှိကြောင်း သိရသည်။

တိုက်တွန်းမည်

ထို့အပြင် အစည်းအဝေးတွင် ၂၁ ရာစု ကမ္ဘာ့ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး ဗန်ကောက် ကြေညာချက်ကိုလည်း လက်မှတ်ရေးထိုးကြရန် တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးက ပြောကြားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထောက်လှမ်းရေးသတင်း အမှားအယွင်းများကြောင့် စီအိုင်အေ အကြီးအကဲ ရာထူးမှ နုတ်ထွက်လွှာ တင်ရ

ဝါရှင်တန် ဇွန် ၄

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့တင်းနက်သည် ရာထူးမှ နုတ်ထွက်လွှာတင်သွင်းပြီးနောက် ဇူလိုင်လတွင် နုတ်ထွက်သွားတော့မည်ဖြစ်ကြောင်းဖြင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က ကြာသပတေးနေ့က ကြေညာသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်မြို့ကြီးများကို အကြမ်းဖက်သမားတို့ တိုက်ခိုက်ခံရမှုကို ကြိုတင်မသိခြင်းနှင့်တကွ အီရတ်စစ်ပွဲကိစ္စတွင် ထောက်လှမ်းရေးသတင်းများ အမှားမှားအယွင်းယွင်းဖြစ်မှု စသည့် အားနည်းချက်များကြောင့် ရာထူးမှ နုတ်ထွက်ပေးရန် လအတန်ကြာကပင် ဖိုင်းဝန်းတောင်းဆိုခံရပြီးနောက် စီအိုင်အေညွှန်ကြားရေးမှူး တင်းနက်သည် သမ္မတအိမ်ဖြူ၌ သမ္မတဘုရှ်ထံ ဗုဒ္ဓဟူးနေ့ညနေပိုင်းက ရာထူးမှ နုတ်ထွက်စာ တင်လိုက်သည်။

စီအိုင်အေညွှန်ကြားရေးမှူးက ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ယခုကဲ့သို့ ရာထူးမှ ထွက်ခြင်းဖြစ်ကြောင်းကို မိမိအား ပြောကြားပြီး မိမိကလည်း ယင်းသို့ နုတ်ထွက်သွားသည့်အတွက် ဝမ်းနည်းပါကြောင်း ပြန်လည်ပြောကြားလိုက်သည်ဟု သမ္မတဘုရှ်က အီတလီနှင့် ပြင်သစ်သို့ မထွက်ခွာမီ ထုတ်ပြန်ကြေညာလိုက်သည်။***အမ်အင်အေ၊ရိုက်တာ၊ဆင်ဟွာ။***

အီရတ် မြင်ကွင်း

မေ ၂၆ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံ တစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသော သမီးဖြစ်သူကို ဖခင်ဖြစ်သူနှင့်အတူ ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၂၃ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် စိန်ပြောင်းကျည်ထိမှန်ခံရသော နေအိမ်မှ ဒဏ်ရာရရှိသော မိသားစုတစ်စုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၃၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းနေသော ကားတစ်စီးကို မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်က ကချင်ပြည်နယ် မိုးညှင်းမြို့တွင် တည်ဆောက်ပေးထားသည့်အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)အဆောက်အအုံကို ဤသို့ ခံ့ညားစွာတွေ့ရသည်။

(ဓာတ်ပုံ–သတင်းစဉ်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးလက်ဒေသနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပဲခူးတိုင်း ဇောင်းတူကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း ပဲခူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က စက်ရေတွင်းကို ဤသို့ တူးဖော်ပေးခဲ့သည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အတွင်း လမ်းများ ကတ္တရာခင်းခြင်း၊ ကျောက်ချောလမ်းများ ခင်းခြင်းလုပ်ငန်းများကို ဤသို့ ဆောင်ရွက်ခဲ့သည်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်–တာလေလမ်းပေါ်ရှိ နမ့်ပွန်ချောင်းတံတားကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (သတင်းစဉ်)



ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ကြည့်တတ် မြင်တတ် သိတတ်ဖို့လိုသလို လိုအပ်ချက်များကို အထက်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ဖို့၊ ပံ့ပိုးကူညီကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံရေးအတွက် အဆင့်မြှင့်တင် တည်ဆောက်မှုများ၊ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာတွင် ဆက်လက်လုပ်ဆောင်ဖွယ်လုပ်ငန်းများ များစွာရှိနေသေးကြောင်း။

ခေတ်မီနည်းပညာအသုံးပြု

သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်မြင့်မားလာလျက်ရှိသည့်နည်းတူ အဆောက်အအုံ တည်ဆောက်မှုနည်းပညာများ၊ နည်းစနစ်များလည်း ပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်မီနည်းပညာများ၊ တည်ဆောက်ရေး နည်းစနစ်များကို ခေတ်နှင့်တစ်ပြေးညီ အသုံးပြုဆောင်ရွက်သွားဖို့လိုကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် အိမ်ရာတိုက်တာ အဆောက်အအုံများ ခေတ်မီသပ်ရပ်ခံ့ညားလှပဖို့ လိုအပ်သကဲ့သို့ သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်ရန်လိုကြောင်း၊ ထို့အပြင် တိုက်တာအဆောက်အအုံဟောင်းများကိုလည်း ပြုပြင်မွမ်းမံကြဖို့လိုကြောင်း။

ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် စီမံဆောင်ရွက်ရာတွင် သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်ဝေဆာ သပ်ရပ်စေရအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဝေဆာလှပရန်စီမံ

လမ်းလယ်ကျွန်းများ၊ လမ်းထောင့်တြိဂံချွန်းများ၊ အဝိုင်းကြီးများကို စိမ်းလန်းစိုပြည်သပ်ရပ်အောင် အကွက်ချ ပြုပြင်မွမ်းမံလျက်ရှိသလို မြို့တော်တစ်ခွင် တစ်ပြင်လုံး သစ်ပင်ပန်းမန်များဖြင့် အကွက်ကျကျ ဝေဆာလှပအောင် စီမံဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ကန်တော်ကြီး ပတ်ဝန်းကျင်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီး ဖြစ်ထွန်းလာရေး အစီအမံများကို တဖြည်းဖြည်းချင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

အမြဲမပြတ်ပြုပြင်

တစ်ချိန်တည်းမှာပင် မြို့တော်ကြီးတစ်ခွင်လုံး လမ်းများ၊ လမ်းဘေးရေမြောင်းများ၊ ပလက်ဖောင်းများ ပျက်စီးယိုယွင်းမှုမရှိစေရအောင် အမြဲမပြတ်ကြည့်ရှုစစ်ဆေး ပြုပြင်မွမ်းမံဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

မြို့တွင်းပိုင်းဒေသများတွင်သာမက အခြေခံလူတန်းစားအများစုကြီးနေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်များအတွင်းရှိ လမ်းများကောင်းမွန်အောင်၊ ရေစီးရေလာကောင်းမွန်အောင်၊ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်လာအောင် စီမံဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

အလေးထားစီမံ

အခြေခံအကျဆုံးဖြစ်သည့် လူအများစုကြီးနေထိုင်ရာ ရပ်ရွာဒေသများ တိုးတက်ကောင်းမွန်အောင်၊ ကျန်းမာရေးနှင့် ညီညွတ်အောင် အလေးထား စီမံဆောင်ရွက်ပေးမှသာ တစ်နိုင်ငံလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ပြီး လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ အခြေခံဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် အောက်ခြေအဆင့်အဖွဲ့အစည်းများက ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ကြည့်တတ် မြင်တတ် သိတတ်ဖို့လိုသလို လိုအပ်ချက်များကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဖို့လည်းလိုကြောင်း။

ထို့ကြောင့် မြို့တော်အဝင်အတွင်းပိုင်း မြင်ကွင်းကျရာ နေရာဒေသများတွင်သာ မဟုတ်ဘဲ အခြေခံ လူတန်းစားများနေထိုင်ရာ ဆင်ခြေဖုံးဒေသများ အတွင်းကိုပါ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှု ရှိစေရအောင် တာဝန်ရှိသူအဆင့်ဆင့်က ဆင့်ကဲဆင့်ကဲမပြတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဝင်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မြေယာကိစ္စရပ်များ၊ အိမ်ရာကိစ္စရပ်များ၊ အဆင့်မြှင့်အိမ်ရာ စီမံကိန်းကိစ္စရပ်များ အပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ဒီဇိုင်း၊ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းတို့က မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီက ခွင့်ပြုထားပြီးသော အိမ်ရာစီမံကိန်းများနှင့် ဝန်ကြီးဌာနများ၏ အဆောက်အအုံစီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေများနှင့် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) နှင့် လှိုင်သာယာမြို့နယ်များ၌ လမ်းများ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ တံတားများ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဆောက်အအုံများ၊ ခေတ်မီအဆင့်မြင့်ဈေးနှင့် ပလာဇာစီမံကိန်းများ၏ လုပ်ငန်းတိုးတက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကြံပြုရှင်းလင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များ အပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြိုဆို

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက Relaxation Zone မှ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Relaxation Zone ရှိ ပုလဲကျွန်းတွင် မြက်ခင်းနှင့် ပန်းကွက်အလှဖော် ဆောင်ရွက်မည့်နေရာနှင့် Elephant Plaza တည်ဆောက်နေမှုကို လည်းကောင်း၊ Education Zone ရှိ မြေပဒေသာကျွန်း၊ သစ်ပင်ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေးပြကွက်များနှင့် ရေချို ရေငန် ငါးပြတိုက် တည်ဆောက်နေမှုကိုလည်းကောင်း၊ Central Forest Zone ရှိ Fourtain ပလာဇာတည်ဆောက်နေမှု၊ Water Plaza နှင့် Water Fountain တို့ကိုလည်းကောင်း၊ Recreation Zone ရှိ မိသားစုအလိုက် အနားယူ အပန်းဖြေနိုင်သည့်နေရာနှင့် စားသောက်ဥယျာဉ် Berbecue Garden တည်ဆောက်နေမှု လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေး ပညာရှင်များ ပညာဒါန ကုသိုလ်ပါဝင်ရန် နှိုးဆော်

ရန်ကုန် ဇွန် ၅

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ပြန့်ပွားရေးအတွက် မီးရှူးတန်ဆောင်သဖွယ် ဖြစ်သော ပါဠိဘာသာဝေါဟာရ အပြည့်စုံဆုံး၊ ပညာရှင်များ အားထားရဆုံး တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီး များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပခုက္ကူမြို့တို့မှ ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးများဦးစီး၍ အဘိဓာန်ပြုစုရေး အဖွဲ့ငါးဖွဲ့ဖြင့် နှစ်ပေါင်း ၅၀ခန့် ပြုစုစီရင်ခဲ့ကြပြီး အုပ်တွဲကြီး ၁၈တွဲမျှ ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။

ကမ္ဘာ့စာပေအမွေအနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖို့ ဂုဏ်ယူဖွယ်ကောင်းလှသော ဗုဒ္ဓသာသနာသမိုင်းဝင်ဖြစ်သည့် ယင်း တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေနိုင်ပါက ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပြီး မြန်မာ့စာပေ အမွေအနှစ်သာမက ကမ္ဘာ့စာပေအမွေအနှစ်အဖြစ် ကျန်ရစ်စေမည်ဖြစ်သည်။

စာရင်းပေးပို့

ယခုအခါသာသနာ ရေးဝန်ကြီးဌာနသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ မြန်မာစာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် များနှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပညာရှင်များပါဝင်လျက် ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်းရှိ ပါဠိဘာသာ၊ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာ ပညာရှင်ပုဂ္ဂိုလ်များသည် အင်္ဂလိပ်ဘာသာပြန်ဆိုရေးစီမံချက်တွင် ပညာဒါနကုသိုလ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာန ဖုန်း ၆၆၅၆၇၃နှင့် ၆၆၀၇၆၆တို့သို့ ဆက်သွယ်၍ စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့ ဘာသာရေးစာအုပ်များလှူဒါန်းမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အခြေခံဘာသာရေးစာအုပ်များ နှစ်စဉ်ပေးပို့ လှူဒါန်းလျက်ရှိရာ ယခု ၂၀၀၄ခုနှစ်တွင် (၁၀)ကြိမ်မြောက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက ကျောင်းရှိ ဆရာ၊ ဆရာမ ဦးရေနှင့် ဘုန်းတော်ကြီးကျောင်း ကျောင်းအုပ်ဆရာတော်ဦးရေတို့ကို ဖော်ပြပြီး စာတိုက်မှ ရောက်ရှိနိုင်မည့် လိပ်စာကို ရေးသား၍ "ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့" အမှတ် (၁၂) မြို့သစ် (၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ် ဖုန်း–၅၄၂၂၃၆ သို့ အောက်တိုဘာ ၃၀ရက် နောက်ဆုံးထားပြီး အလှူခံစာများ ပေးပို့နိုင်ကြောင်း သိရသည်။ စာအုပ်လှူဒါန်းလိုသူ (သို့မဟုတ်) စာအုပ်ဖိုး ပညာဒါန လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

စီးပွားကူးသန်း ရေသို့လှမ်း

✧ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သတင်းထောက်များ၊ ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ပန်းချီပြိုင်ပွဲ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများသည် လူ့ဘောင်လောကကြီး ရေရှည်တည်တံ့ရေးအတွက် ရေမြေ တောတောင် သဘာဝပတ်ဝန်းကျင်၏ အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးအသိပေးနှိုးဆော်ရန် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျင်းပကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဤအရေးပါသောနေ့ကို ကျင်းပရသည့်အတွက် ဝမ်းမြောက်မိကြောင်း။

ဤကမ္ဘာကြီးတွင် လူသားမျိုးနွယ် ရယ်လို့ စတင်ပေါ်ထွန်းစဉ်ကပင် မိမိတို့လူသားများ အသက်ရှင်နေနိုင်ဖို့နှင့် သာယာဝပြောသော လူ့ဘောင်ကြီးဖြစ်လာဖို့အတွက် သဘာဝအရင်းအမြစ်များနှင့် အင်အားစုများကို ထုတ်ယူအသုံးပြုခဲ့ကြောင်း၊ လူ့သမိုင်းစတင်ခဲ့သည့် ရှေးဦးကျောက်ခေတ်မှ ယနေ့ သတင်းအချက်အလက်ခေတ်အထိ လူတို့၏ တီထွင်ကြံဆမှုဖြင့် မဖြစ်မနေ ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများကြောင့် အတိုင်းအဆအားဖြင့် ကြီးမားကျယ်ပြန့်လှသော စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မကြာသေးသော ဆယ်စုနှစ်များအတွင်းမှာ သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာမှုကြောင့် ကမ္ဘာအဝန်းကြီးမားသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဤအပြောင်းအလဲတွေထဲမှာ ကောင်းမွန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေခဲ့တာရှိသလို မကောင်းသည့် အကျိုးတရားများ ဖြစ်ပေါ်စေခဲ့တာတွေလည်းရှိကြောင်း၊ ကမ္ဘာကြီး၏ ရေမြေပတ်ဝန်းကျင် တောတောင်သဘာဝကို ထိခိုက်ပျက်စီးစေသော ဆိုးကျိုးတွေက ပိုများတာကို တွေ့မြင်နေရကြောင်း။

မဆင်မခြင်

ယခုအခါ ကမ္ဘာ့လူဦးရေသည် ၆ဒသမ၂ဘီလျံရှိပြီး နေ့စဉ်နှင့်အမျှ တိုးပွားများ ပြားလာလျက်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ သောက်သုံးရေမှအစ စားနပ်ရိက္ခာ၊ အိမ်ရာနှင့် စွမ်းအင်အစရှိသည့် လူ့အခြေခံ လိုအပ်ချက်များလည်း ပိုပြီး လိုအပ်လာကြောင်း၊ လူသားများသည် ကမ္ဘာမြေကြီးပေါ်မှာရှိနေသည့် သဘာဝသယံဇာတပစ္စည်းများကို မကုန်နိုင်မခန်းနိုင်သည့် အရာများဟု ယူဆနေခဲ့ကြကြောင်း၊ လူသားများသည် မိမိတို့၏ တိုးတက်များပြားလာသည့် လူ့လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ ကြိုးပမ်းသည့်အခါတွင် အကန့်အသတ်နှင့်သာ ရှိနေသည့် သဘာဝသယံဇာတများကို မဆင်မခြင် တူးဖော်ထုတ်ယူသုံးစွဲခဲ့ကြကြောင်း၊ ထိုသို့ လုပ်ဆောင်ကြရာမှာ လူသားတစ်ရပ်လုံးက လိုသလို သုံးစွဲပြီး အတောမသတ် စွန့်ပစ်လိုက်သည့် စွန့်ပစ်ပစ္စည်းများကိုလည်း ကမ္ဘာကြီးက အတိုင်းအဆမရှိ လက်ခံသိမ်းဆည်းနိုင်မည်ဟုလည်း ခံယူထားကြကြောင်း။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြပွဲနှင့် လှုပ်ရှားမှုများတွင် ပါဝင် ကူညီခဲ့ကြသူများအား ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသော ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုရ ပိုစတာများ၊ ပန်းချီလက်ရာများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

လူသားများ၏ ယခုလို မဆင်မခြင် ထုတ်ယူသုံးစွဲ လုပ်ဆောင်မှုများကြောင့် ကမ္ဘာကြီးနှင့်တကွ ပတ်ဝန်းကျင် ရေမြေတောတောင်သဘာဝကို ထိခိုက်ယိုယွင်းစေခဲ့ကြောင်း။

ကမ္ဘာ့နိုင်ငံ အတော်များများတွင် သဘာဝအတိုင်းရှိနေရမည့် ပတ်ဝန်းကျင်အနေအထားများမှာ တစ်နေ့တခြား ပျက်စီးလျက် ရှိနေတာကို တွေ့မြင်နေကြရကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည့် ကမ္ဘာမြေကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ အိုဇုန်းလွှာများ ယိုယွင်းလာမှုစသည်တို့မှာ ကမ္ဘာပေါ်ရှိ လူသားများကိုသာမက အခြားသက်ရှိသတ္တဝါများကိုပါ ထိခိုက်စေလျက်ရှိကြောင်း၊ မီးခိုးမြူငွေ့ပြဿနာ၊ အက်စစ်မိုးရွာသွန်းခြင်းနှင့် အဏ္ဏဝါရေထု ညစ်ညမ်းမှု စသည့် ပြဿနာရပ်များသည်လည်း နိုင်ငံနယ်နိမိတ်များကို ကျော်လွန်ဖြစ်ပွားလျက် ရှိနေကြောင်း။

ယိုယွင်းပျက်စီး

မကြာခင်ကာလများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းရန် တစ်နိုင်ငံချင်းအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအနေဖြင့် လည်းကောင်း ပြုလုပ်လာခဲ့ကြကြောင်း၊ ပြီးခဲ့သော ဆယ်စုနှစ်သုံးစုခန့်မှာ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သဘောတူ စာချုပ်အများအပြားကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းမှာလည်း အမျိုးသားပတ်ဝန်းကျင် အေဂျင်စီများနှင့် ဝန်ကြီးဌာနများ တည်ထောင်ခဲ့ပြီး ထိရောက်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ သို့သော်လည်း နိုင်ငံအများစုမှာ ပတ်ဝန်းကျင်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာထိန်းသိမ်း ဆောင်ရွက်မှုအားနည်းခြင်း၊နိုင်ငံရေးအရ အားတက်သရော ထောက်ခံအားပေးမှုအနေဖြင့်လည်းကောင်း၊ ငွေကြေးအထောက်အပံ့အနေဖြင့်လည်းကောင်း တိကျသောအာမခံချက်များ၊ ကတိကဝတ်များ မရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဆက်လက်ဖြစ်ပေါ်နေတာကို တွေ့ရှိရကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပိုင်းတွင် ကောင်းမွန်သော လက္ခဏာတစ်ခုမှာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုမရှိဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း မရှိနိုင်ဆိုသည့် သဘောတရားကို ကမ္ဘာကပိုမို လက်ခံလာကြခြင်းဖြစ်ကြောင်း၊ ဘရန့်လန်ကော်မရှင်၏ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု" သဘောတရားကို ကမ္ဘာအဝန်း လက်ခံလာကြပြီဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် စီးပွားရေး ဖွံ့ဖြိုးမှု၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုသည့် မဏ္ဍိုင်သုံးခုပေါ်မှာတည်မှီနေကြောင်း၊ ထို့ကြောင့် ဤကဏ္ဍသုံးခုသည် ဟန်ချက်ညီနေဖို့ လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း ပတ်ဝန်းကျင် စံချိန်စံညွှန်းများ သတ်မှတ်အသုံးပြုရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေးကိစ္စရပ်များကို အဓိက ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆောင်ရွက်သည့်အခါ တစ်ပါတည်း စဉ်းစားဆောင်ရွက်လျက် ရှိကြကြောင်း။

အလေးထားလျက်ရှိ

မြန်မာနိုင်ငံအနေဖြင့်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် အထူးဂရုပြု အလေးထားလျက်ရှိကြောင်း၊ ထိရောက်ကောင်းမွန်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုလုပ်ငန်းများတိုးမြှင့်ရန် ရည်ရွယ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီတစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ကြောင်း၊ ဤကော်မတီနှင့် ၎င်း၏ အထူးလုပ်ငန်းအဖွဲ့များသည် နိုင်ငံ၏ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြမှာဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ ပင်လယ်သမုဒ္ဒရာများအပေါ် အလေးပေးထားကြောင်း၊ ၎င်းမှာ ရေသယံဇာတများ အပါအဝင် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လူသားတို့၏ ကောင်းကျိုးနှင့် ဂေဟစနစ်များ ရှင်သန်တည်တံ့မှုအတွက် အရေးပါလှသောအချက်ကို ထင်ရှားစေလိုသည့်အတွက်ဖြစ်ကြောင်း။

ကမ္ဘာမြေ သုံးပုံနှစ်ပုံသည် ပင်လယ်သမုဒ္ဒရာများနှင့် ဖုံးလွှမ်းနေသည့်အတွက် မိမိတို့၏ ကမ္ဘာမြေသည် အပြာရောင် ဂြိုဟ်ကမ္ဘာ ဖြစ်ကြောင်း၊ ပင်လယ်သမုဒ္ဒရာများသည် လူသားတွေအတွက် စားနပ်ရိက္ခာနှင့် အသုံးဝင်ပစ္စည်းများ ထုတ်လုပ်ပေးရုံမျှမက ကူးသန်းသွားလာ ပို့ဆောင်မှုအတွက် အထောက်အကူပြုခြင်း၊ အရေးပါသော သဘာဝ ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့်လည်း ပံ့ပိုးပေးလျက်ရှိကြောင်း။

ပျက်ယွင်းမှုမရှိ

မြန်မာနိုင်ငံအနေဖြင့် ကံကောင်းသည့်အချက်မှာ နိုင်ငံ၏တောင်ပိုင်း





ဆုချီးမြှင့်

မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာ ပြိုင်ပွဲတွင် ဒုတိယဆုရ ဦးအောင်မိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နှင့် အနောက်တောင်ပိုင်းတို့မှာ ကျယ်ပြောသော ပင်လယ်ပြင်ကြီးများ တည်ရှိကြကြောင်း၊ အနောက်တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်ရှိပြီး တောင်ဘက်မှာ ကပ္ပလီပင်လယ်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၂၀၀ကျော် ရှည်လျားစွာ ဖြစ်ပေါ်နေကြောင်း၊ မြန်မာ့ပင်လယ်ပြင်၌ ပုလဲနှင့် သတ္တုစသည်များ အပါအဝင် ပေါများကြွယ်ဝလှသည့် ငါးနှင့် အဖိုးတန်သယံဇာတများရှိကြောင်း၊ကမ်းရိုးတန်းတစ်လျှောက်မှာလည်း ဒီရေတောအများအပြားနှင့် ပကတိပျက်ယွင်းမှုမရှိသည့် ကမ်းခြေများ တည်ရှိနေကြောင်း၊ ယခုလို အဖိုးတန်သော သယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ရေရှည်အသုံးပြု သွားနိုင်ရေးသည် အလွန်အရေးကြီးလှကြောင်း။

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်နေသူအားလုံးကို ထောက်ခံအားပေးပါကြောင်းနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စတွေမှာ အထောက်အကူပြုဆောင်ရွက်ပေးနေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့်တကွ ယနေ့ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကုလသမဂ္ဂအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဌာနေ ကိုယ်စားလှယ် Mr. Charles James Pertic က ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် အမှုဆောင် ညွှန်ကြားရေးမှူး Dr. Klaus Toepter နှင့် ကုလသမဂ္ဂအ ထွေထွေအတွင်းရေးမှူးချုပ် Mr. Kofi A. Annan တို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ရောင်စုံပိုစတာပြိုင်ပွဲ ဆုရရှိသူများနှင့် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ပိုစတာပြိုင်ပွဲပထမဆုရ မောင်ကျော်ဆင့်၊ ဒုတိယဆုရ ဦးအောင်မိုးနှင့် တတိယဆုရ မသဇင်စိုးမြင့်တို့အားလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိကြသော ရဲထွဋ်အောင် (လောကနတ်ပန်းချီ)၊ မောင်စည်သူအောင်၊ ကိုထွေး၊ မောင်ဇင်ကိုကို၊ ဦးမောင်မောင်၊ မခိုင်သရဖီဒင်နှင့် ဒီဇိုင်းဇော်ထက်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်ဝင်းမင်းသူ၊ ဒုတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း နဝမတန်းမှ မောင်မင်းမင်းဦးနှင့် တတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း သတ္တမတန်းမှ မခိုင်မြတ်မျိုးထွန်းလင်းတို့အား လည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသော တာမွေမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မောင်စည်သူအောင်၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မရွှေရည်ဦး၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပထမတန်းမှ မောင်ဖြိုးမာန်ဟုန်လင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပဉ္စမတန်းမှ မဆုနှင်းဝေ၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ မရှယ်လီဝင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း တတိယတန်းမှ မနွေးရတနာထွန်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မောင်စိုးစံလင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြပွဲနှင့် လှုပ်ရှားမှုများတွင် ပါဝင်ကူညီခဲ့ကြသည့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အဏ္ဏဝါသိပ္ပံဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊မြန်မာနိုင်ငံသားငှက်ထိန်းသိမ်းရေးအဖွဲ့၊ Myanmar Intergraph၊ Euro Continents, Myanmar၊ Suntac Technologies၊ သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းတို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သီချင်းရေးသားစပ်ဆိုခဲ့သည့် ဂီတစာဆို အကော်ဒီယံဦးအုန်းကျော်နှင့် သီဆိုခဲ့ကြသည့် စတီရီယိုတေးသံရှင် ခိုင်မြဲသာနှင့် ဟဲလေးတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုး တိုးတက်ရေးအဆောက်အအုံ ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသော ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲဆုရ ပိုစတာများ၊ ပန်းချီလက်ရာများ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း (Singapore Association of Myanmar)၏ ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒူးဆစ်အင်းလျားကန်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့် အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်းမှ တာဝန်ရှိသူများ၊ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်းဥက္ကဋ္ဌ Mr. Teddy Chia က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၁) ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ Mr. David Teng က ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရစ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရစ်က မြန်မာနိုင်ငံပညာရေးကော်မတီအတွက် အလှူငွေကျပ် သိန်း ၄၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ Division (A) ပြိုင်ပွဲ၌ ပထမဆုရရှိသော Mr.Victor Seah အားလည်းကောင်း၊ Division (B) ပြိုင်ပွဲ၌ ပထမဆုရရှိသော ဒေါက်တာမြဦးအားလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရရှိသော Miss Chan Chan နှင့် ကျန်ဆုရရှိကြသူများအားလည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

ပံ့ပိုးကူညီ

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း၏ ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Tiger၊ Accel Int'l Co., Ltd၊ Air Manadalay၊ Rothman of Pall Mall Myanmar၊ Pan-West၊ Grand Mee Yahta နှင့် မြန်မာနိုင်ငံရှိ စင်ကာပူကုမ္ပဏီများက ပါဝင်ပံ့ပိုးကူညီခဲ့ကြသည်။ (သတင်းစဉ်)

တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း၏ ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း လုပ်ငန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ မိုးရာသီတွင် လုပ်ဆောင်မည့်လုပ်ငန်းများ၊ စီမံကိန်း လုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက အသစ်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် လက်ရှိ လေဆိပ် အဆောက်အအုံနှင့် ဆက်စပ်လုပ်ကိုင်ရာတွင် လေဆိပ်လုပ်ငန်းများ မထိခိုက်စေရေး ကြီးကြပ်ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လေဆိပ်ကြီး စံချိန်စံညွှန်းမီမီဖြင့် သတ်မှတ်ကာလထက် စောပြီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း အဆောက်အအုံလုပ်ငန်းများ၊ မြေသား လုပ်ငန်းများနှင့် ရေသွယ်မြောင်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြသချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရွှေတောင် ဘဏ်ခွဲဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ရွှေတောင် ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ပြည်ခရိုင် ရွှေတောင်မြို့၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်ချီးမြှင့်သည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက ဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌတို့ထံသို့ ရွှေတောင်ဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ရွှေတောင်ဘဏ်ခွဲ အဆောက်အအုံသစ် ဆိုင်းဘုတ်ကို ဝန်ကြီးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ဘဏ်ခွဲအဆောက်အအုံသစ် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဖြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၅

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေး အစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့ ရိုက်ကူးပြီး သရုပ်ဆောင်လွင်မိုး၊ ထက်ထက်မိုးဦး၊ မေသန်းနုတို့ ပါဝင်သရုပ်ဆောင်သည့် "သမီးမိုက်"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်သည်။ (သတင်းစဉ်)



အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေး (၁/၂၀၀၄)နှင့် အီလက်ထရောနစ်ထုတ်ကုန် ပစ္စည်းပြပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ **အရည်အသွေးမှ**

အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် ကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် နိုင်ငံတော်၏ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အီလက်ထရောနစ်လုပ်ငန်းရှင်များအားလုံးကို တစုတဝေးတည်း စုစုစည်းစည်းတွေ့ရသည့်အတွက် ကြုံတုန်းကြုံခိုက်တွင် နိုင်ငံတော်၏ စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏မူဝါဒများကို အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အလျောက် လယ်ယာကုန်ထုတ်မှုစွမ်းအား မြင့်မားတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာရေးကို ဦးတည်သော လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်းနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို အလေးထား အားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း။

စက်မှုနိုင်ငံတော်ကူးပြောင်း

ဤကဲ့သို့ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများကို ထူထောင်ရင်း တစ်ဖက်ကလည်း တိုင်းပြည်အတွက် လိုအပ်နေသည့် အခြားစက်မှု လုပ်ငန်းများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားပြီး ခေတ်မီစက်မှုနိုင်ငံတော်ကို ကူးပြောင်းသွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၄-၂၀၀၅ ယခုနှစ်မှစပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ချမှတ်ထားပြီး နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ တက်ညီလက်ညီ ကြိုးစားနေသည့်အချိန်ကာလလည်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက-

- **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် စက်မှုထွန်းကားရန်လိုအပ်ကြောင်း၊ စက်မှု မထွန်းကားဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမှာမဟုတ်ကြောင်း၊**
- **ယနေ့ကမ္ဘာမှာ စက်မှုထွန်းကားသည့် နိုင်ငံများက စက်မှုခေတ်ကိုလွန်သည့် စက်မှုလွန်လူနေမှုပုံစံကို ချဉ်းကပ်နေကြပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စက်မှုဖွံ့ဖြိုးဆဲအဆင့်ကို ဝင်ရောက်နေဆဲဖြစ်ပြီး ကမ္ဘာအစိတ်အပိုင်းအချို့မှာ စက်မှုခေတ်ကို ဆက်ခံသည့် ခေတ်သစ်တစ်ခုသို့ ဦးတည်နေပြီဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာများသည် စီးပွားရေး၊လူမှုရေးနယ်ပယ် အသီးသီးမှာ နေရာယူလာပြီး လျင်မြန်တဲ့အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း။**
- **အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုသည် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန် တိုးတက်ပြောင်းလဲနေကြောင်း၊ နိုင်ငံအသီးသီးသည် အသိပညာ၊အတတ်ပညာကြွယ်ဝအောင် လှုပ်ရှားဆောင်ရွက်နေကြကြောင်း၊ အသိပညာနယ်ပယ်ခေတ်ဟုပြောရလောက်အောင် အသိပညာကြွယ်ဝရေးအတွက် အားထုတ်နေကြကြောင်း၊ အသိပညာ၊အတတ်ပညာ၊ သတင်းနှင့် ပြန်ကြားရေးစနစ်နှင့် ဗဟုသုတတို့သည် နိုင်ငံကိုစွမ်းအားရှိအောင် ထူထောင်ရာတွင် အခြေခံကျသည့်လိုအပ်ချက်ပင်ဖြစ်ကြောင်း။**
- **ဒီလိုအခြေအနေမျိုးမှာ အနာဂတ်မျိုးဆက်သစ်အတွက် ခေတ်မီနည်းပညာ ဆည်းပူးနိုင်အောင် ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ကြောင်း၊ အတတ်ပညာ၊ နည်းပညာ တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍတို့မှာလည်း စုစည်းလို့ ရနိုင်သမျှအင်အားဖြင့် ပူးပေါင်းဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရကြောင်း၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးဟာ အားလုံးပူးပေါင်းဆောင်ရွက်ကြရမယ့် အမျိုးသားရေးတာဝန်ကြီးဖြစ်လာကြောင်း**

ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်ရေးနှင့် စပ်လျဉ်းပြီး အခြေခံကျသည့်အချက်များကို အခါအားလျော်စွာ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

အီလက်ထရောနစ်စက်မှု

နိုင်ငံတော်၏ စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် ကြိုးပမ်းရာ၌ အီလက်ထရောနစ် စက်မှုလုပ်ငန်းသည် အရေးပါသည့် စက်မှုလုပ်ငန်းအဖြစ် ရပ်တည်လာသည်ကို မြင်တွေ့နေရကြောင်း၊ အထူးသဖြင့် နိုင်ငံတော်၌ ICT Centre များ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ၊ စာသင်ကျောင်းများ၌ခေတ်မီသင်ကြားမှုနှင့် သင်ယူမှုပစ္စည်းကိရိယာများ တိုးချဲ့သုံးစွဲလာသည်နှင့်အမျှ အီလက်ထရောနစ်ပစ္စည်းများ၏ အခန်းကဏ္ဍသည် ထင်သာမြင်သာလာကြောင်း၊ ဤသည်မှာ Electronic Hardware အပိုင်းဖြစ်ကြောင်း။

ထိန်းကျောင်း

Hardware များသုံးစွဲလာမှုသည်စီးပွားရေးကဏ္ဍ၊ပညာရေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍ၊သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍ စသည့်ကဏ္ဍစုံ၌ တိုးချဲ့သုံးစွဲလာသည်နှင့်အမျှ Hardware ပိုင်းချို့ယွင်းမှုနှင့် Software ပိုင်းချို့ယွင်းမှုတို့ကို မလွဲမသွေရင်ဆိုင် ကြုံတွေ့လာရခြင်းဖြစ်ကြောင်း၊ ဥပမာအားဖြင့် ခေတ်မီစက်ရုံကြီးတစ်ခုလုံး၏ လည်ပတ်မှုကို Computer Programming ဖြင့် ဗဟိုစက်ခန်းမှ ထိန်းကျောင်းရာ၌ Network Card တစ်ခုပျက်စီးသွားမည်ဆိုလျှင် စက်ရုံတစ်ခုလုံး၏ ထုတ်လုပ်မှု ရပ်ဆိုင်းထိခိုက်ရခြင်းမျိုး ဖြစ်တတ်ကြောင်း၊

ထို့အပြင် Mechatronic ပစ္စည်း၊ Optronic ပစ္စည်းများတွင်လည်း ခေတ်မီ Programming အပိုင်း ပါရှိလာသည်ကို တွေ့ရှိရကြောင်း။

ဤ Programming တွင်လည်း Low Level နှင့် High Level ကွာခြားပြန်ကြောင်း၊ High Level Programming သည် Application Sowtware များဖြစ်ပြီး Hardware ပေါ်တွင် အခြေခံ၍ အသုံးချဆောင်ရွက်ခြင်းဖြစ်ကြောင်း။ Low Level Programming သည် Programmable IC များပေါ်တွင် Program ရေးသားထည့်သွင်း၍ လိုအပ်သလို စက်ကို ထိန်းချုပ်မောင်းနှင်ဆောင်ရွက်ခြင်းဆိုပြီး အကြမ်းဖျင်း ခွဲခြားနိုင်ကြောင်း။

အလိုအလျောက်စနစ်

ခေတ်မီစက်ရုံ အလုပ်ရုံကြီးများရှိသည့် စက်ကိရိယာအားလုံးနီးပါးခန့်သည် အလိုအလျောက်မောင်းနှင်သည့်စနစ် Auto Machinning System များ ဖြစ်သည့်အတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းသည် Controller Card များသာဖြစ်သည်ဆိုသည်ကို တွေ့ရကြောင်း၊ ဤကတ်များကိုလေ့လာကြည့်လျှင် အရေးပါသည့် IC များ တပ်ဆင်ထားသည့် PCB တစ်ခုသာဖြစ်ပြီး အနည်းဆုံး One Layer မှ Four Layer ထိ ဒီဇိုင်းပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် Electronic စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဤ Low Level ပိုင်းကို အားပေးရန် လိုအပ်ကြောင်း။ အချို့ IC များသည် ဈေးကွက်၌ အလွယ်တကူ ဝယ်ယူ ရရှိနိုင်သော်လည်း အချို့မှာ ထုတ်လုပ်သူ၏ ကိုယ်ပိုင်ဒီဇိုင်း Customize IC များဖြစ်သည့်အတွက် Program အား တုပဖော်ထုတ် ရေးသားရန် ခက်ခဲမှုရှိပြီး အချိန်ကြာမြင့်တတ်ကြောင်း။

အချို့မှာ သီးခြား IC များကို လိုအပ်သလို ပေါင်းစပ်၍ Chip Set တစ်ခုအနေဖြင့် ထုတ်လုပ်ထားသည်ကို တွေ့ရမှာ ဖြစ်ကြောင်း။ တစ်နည်းအားဖြင့် ပိုမိုတိကျ၊ ပိုမိုသေးငယ်၊ ပိုမိုဈေးသက်သာသည့် အီလက်ထရောနစ် ပစ္စည်းများကို ထုတ်လုပ်သုံးစွဲသည့် Microprocessor ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးအစားစုံ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အီလက်ထရောနစ်ပစ္စည်း၊ အိမ်သုံးရုံးသုံး အီလက်ထရောနစ်ပစ္စည်း၊ တစ်ကိုယ်ရေသုံး ကွန်ပျူတာ၊စက်ရုံသုံး၊ ဆေးရုံသုံး၊ ဓာတ်ခွဲခန်းသုံး၊စစ်သုံး၊အာကာသသုံးစသည့် အီလက်ထရောနစ်ပစ္စည်းများသည့် နယ်ပယ်စုံ၌ အမျိုးအစားစုံ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အရေးပါလာသည်နှင့်အမျှ မိမိတို့ကလည်း အရည်အသွေး အဆင့်အတန်းမီသည့် အီလက်ထရောနစ်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုကို သုံးသပ်ကြည့်မည်ဆိုလျှင် ကိုယ်ပိုင်ဒီဇိုင်းပညာဖြင့် ထုတ်လုပ်ခြင်း၊ ပြည်ပမှ အဓိကပစ္စည်းအစိတ်အပိုင်းများတင်သွင်းပြီး တပ်ဆင်ထုတ်လုပ်ခြင်း၊ပြည်ပမှကုန်ကြမ်းနှင့် နည်းပညာတင်သွင်းပြီး လက်ခစားကုန်ချောထုတ်လုပ်ခြင်း စသည်ဖြင့် အကြမ်းဖျင်းသုံးမျိုးသုံးစား တွေ့ကြရမှာဖြစ်ကြောင်း၊

အားနည်းနေဆဲ

ဤထုတ်လုပ်မှုအပိုင်းတွင်နည်းပညာမြင့်မားမှု၊ ကျွမ်းကျင်လုပ်သားလိုအပ်မှု၊ စံချိန်စံညွှန်းအလေးထားရမှု၊ ဈေးကွက်ယှဉ်ပြိုင်ရမှုစသည့်အကြောင်းများကြောင့် တိုးတက်သင့်သလောက် မတိုးတက်နိုင်သေးဘဲ အားနည်းနေဆဲဖြစ်သည်ဟု သုံးသပ်ရမှာဖြစ်ကြောင်း။

သို့ရာတွင် အီလက်ထရောနစ်ပစ္စည်းတပ်ဆင် ပြင်ဆင်ခြင်း (Services)၊ ရောင်းဝယ်ခြင်း(Trade)နှင့် အီလက်ထရောနစ်ပညာသင်တန်းပေးခြင်း(Training)အပိုင်းများကို ကြည့်မည်ဆိုလျှင် ရန်ကုန်မြို့တစ်ခုတည်းမှာပင် လုပ်ငန်းပေါင်း၂၅၀ခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်ကို မြင်တွေ့ရမှာဖြစ်ကြောင်း၊

ထို့ကြောင့် နိုင်ငံတော်၏ အီလက်ထရောနစ်လုပ်ငန်းပိုင်းသည် ရှေ့ကိုတိုးတက်သည်ထက် တိုးတက်သွားရန် အခြေအနေများရှိနေပြီဟု ဆိုရမှာဖြစ်ကြောင်း။

သွင်းကုန်အစားထိုး

ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မှလည်း နိုင်ငံတော်သည် ရေရှည်တွင် ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေရမှုလျော့နည်းကျဆင်းပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာမှာဖြစ်သကဲ့သို့ အချို့ပစ္စည်းများကိုလည်း နိုင်ငံခြားဈေးကွက်အထိ ထိုးဖောက်တင်ပို့နိုင်သည့် အခြေအနေအထိ တိုးတက်အောင်မြင်လာမှာဖြစ်ကြောင်း။

ဤအစည်းအဝေးမတိုင်ခင် ကြိုတင်ကျင်းပခဲ့သည့် ညှိနှိုင်းချက်များအရ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအီလက်ထရောနစ် လုပ်ငန်းရှင်များအကြား ဆက်သွယ်ပေါင်းစပ်မှုအားကောင်းလာပြီး အချင်းချင်းလုပ်ငန်း အတွေ့အကြုံ၊ နည်းပညာနှင့်အမြင်ချင်းဖလှယ်နိုင်ခဲ့ပြီး ပြန့်ကျဲနေသည့် အီလက်ထရောနစ် လုပ်ငန်းရှင်များကိုလည်း စုစည်းပေးနိုင်ခဲ့ပြီဟုဆိုနိုင်ကြောင်း။

ရည်ရွယ်ထား

ဤစုစည်းမှုကနေသက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စုပေါင်းစွမ်းအားကို ရယူပြီး နိုင်ငံတော်၏စက်မှုကဏ္ဍကြီး တိုးတက်ရန် အဆင့်မြင့် နည်းပညာသုံး အီလက်ထရောနစ်စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်အတွက် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ အစုအဖွဲ့တစ်ခုဖွဲ့စည်းရန်အထိ ရည်ရွယ်ထားသည်ဟု ကြားသိရကြောင်း၊

ဆွေးနွေးအကြံပြု

ဤရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ရန် သင့်၊ မသင့်နှင့် အခြားလိုအပ်ချက်များကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်ချက်ကိုလည်း သိရှိပြီးဖြစ်သည့်အတွက် ရှေ့ဆက်ပြီး နိုင်ငံတော် အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ယခုထက်မက ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားလိုကြောင်း၊

နိဂုံးချုပ်အနေဖြင့် ပုဂ္ဂလိကအီလက်ထရောနစ် လုပ်ငန်းရှင်များအနေဖြင့် မိမိတတ်ကျွမ်းသည့်နည်းပညာကို အသုံးပြုပြီး အရည်အသွေးရှိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ ပေါက်ဖွားနိုင်သည့် CMP လုပ်ငန်းများထပ်မံပေါ်ထွက်လာနိုင်ရေး၊ ပြည်ပနည်းပညာရရှိနိုင်မည့် ဖက်စပ်လုပ်ငန်းများ ထူထောင်နိုင်ရေး၊ မိမိကိုယ်ပိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အီလက်ထရောနစ် ကုမ္ပဏီများအနေဖြင့် Research & Development ကိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ပုံနှင့် လိုအပ်ချက်များကို ဥပဒေစည်းကမ်းများနှင့်အညီ ညှိနှိုင်းပံ့ပိုးပေးနိုင်မည့်အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ အတတ်ပညာရှင်များမွေးထုတ်ပေးလျက်ရှိသည့် အခြေအနေနှင့်လုပ်ငန်းရှင်များအတွက် ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေများကိုရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Queen Star Computer Centre ပြခန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပြခန်း၊ Hong Pang Group ပြခန်း၊Earth Industrial (Myanmar) Co.,Ltd၊A A Electronic Ltd.,၊Master Power Co.,Ltd၊Nibban Electric & Electronics၊Linyama Electronic၊Gates Electronics sale & Service၊Mectronic General Electrical Products၊ Trust & Development Co.,Ltd၊Texcel Co.,Ltd၊U Pe Thein Electrical& Electronic၊Toe Electric၊ Myanmar World Distribution Co.,Ltd၊Fisca Co.,Ltd၊PQ Electrical Engineering Co.,Ltd တို့၏ ပြခန်းများနှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ပြခန်းတို့တွင် ပြသထားသည့် အီလက်ထရောနစ်ပစ္စည်းများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အီလက်ထရောနစ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပရာ AA Electronic Ltd မှ Chairman ဦးမြတ်သင်းအောင်က Electronic Industrial Development နှင့်ပတ်သက်၍လည်းကောင်း၊ Earth Industrial (Myanmar) Co.,Ltd မှ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

✳ စာမျက်နှာ ၁၁ မှ

Quality Control Manager ဦးကျော်မင်းက Productivity System and Quality Control နှင့်ပတ်သက်၍ လည်းကောင်း၊ General Service Engineering မှ Adviser ဦးစိုးမြင့်က Services for Electronic Control and Automation System နှင့် ပတ်သက်၍လည်းကောင်း၊ T&D Co., Ltd မှ Managing Director ဦးမြင့်ဇော်က Electronic Research and Development နှင့် ပတ်သက်၍လည်းကောင်း၊ Mectronic Co., Ltd မှ Project Executive ဦးမြင့်ဇော်က Indigenous Electronic Industry နှင့် ပတ်သက်၍လည်းကောင်း၊ FISCA Co.,Ltd မှ Engineering Director ဦးဇော်ဝင်းက Promotion of Electronic Park in Myanmar နှင့် ပတ်သက်၍ လည်းကောင်း တက်ရောက်လာကြသည့် အီလက်ထရောနစ်လုပ်ငန်းရှင်များက အီလက်ထရောနစ် လုပ်ငန်းရှင်များအသင်းအဖွဲ့တစ်ခုဖြစ်မြောက်ရေးကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့်ကော်မတီ အတွင်းရေးမှူး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်းတို့က သက်ဆိုင်ရာ ကဏ္ဍများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်ရှင်းလင်းညှိနှိုင်း

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ရှင်းလင်းညှိနှိုင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေးတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူ၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီတို့မှ နာယကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊မြို့နယ်ကျန်းမာရေး ဦးစီးမှူးများနှင့် မြို့နယ် ပညာရေးမှူးများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်သက်ဌေးက ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့်ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက ပါဝင်ဆောင်ရွက်ရေးနှင့် ပြည်သူများအတွင်း ကျန်းမာရေး အသိပညာများသိရှိပြန့်ပွားအောင် စည်းရုံးဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစောလွင်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ရန်ကုန်တိုင်းအတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့် ကာကွယ်ရေး လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်သက်မြိုင်က ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ အတွင်းရေးမှူး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများကဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများအတွက် ခြင်ထောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လုပ်ငန်းစဉ်(၅)ရပ် ဖြစ်သည့် ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များရှင်းလင်းပွဲ ကျင်းပခြင်း၊ ကျောင်းများတွင် ခြင်လောက်လမ်းကင်းစင်သော ကျောင်းများဖြစ်လာအောင် ဆောင်ရွက်ခြင်း၊ ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊လဲ၊ စစ်လုပ်ငန်းများကို မိသားစုများက ဆောင်ရွက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခြင်း၊ နေ့ကလေးထိန်းကျောင်းများတွင် ကလေးများနေ့ခင်းအိပ်သည့်အခါ ခြင်ထောင်ထောင်၍ အိပ်သည့် အလေ့အကျင့်ကို လိုက်နာကျင့်သုံးစေခြင်းနှင့် မူလတန်းကြိုနှင့်အခြေခံပညာကျောင်းများ၌ ခန်းဆီးလိုက်ကာများကို ဆေးစိမ်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ရှင်းလင်းညှိနှိုင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း သုံးခွမြို့ ကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ မြကိုင်းကျေးရွာ ခမည်းတော် ဦးဖိုးချစ်၊ မယ်တော်ဒေါ်ရုံတို့မှ ၁၂၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက် တနင်္ဂနွေနေ့ နံနက် ၁နာရီအချိန်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၅ ခုနှစ်၊ ၁၃နှစ်သားအရွယ်တွင် ခရမ်းမြို့နယ်၊ ကံကောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တကို ဥပဇ္ဈာယ်ပြု၍ ကံကောင်းကျေးရွာ ဦးပု-ဒေါ်စိုးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်၊ နံနက် ၈နာရီ အချိန်တွင် သုံးခွမြို့၊ သိုက်တူးကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ကျောင်းသစ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ခရမ်းမြို့နယ် ကံကောင်းကျေးရွာ ဦးပု-ဒေါ်စိုးတို့၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် သုံးခွမြို့၊ ကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဦးဉာဏောဘာသ၊ ဒလမြို့၊ ဇေယျဝတီကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိစ္စ၊ ဗဟန်းမြို့၊ အုတ်လှေခါးကျောင်းတိုက်ဆရာတော် ဦးဝါယာမ၊ အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာ၊ ဒဂုံမြို့၊ ကျားကူးကျောင်းတိုက် ဆရာတော် ဦးစန္ဒာဝရ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာတို့ထံတွင် ပရိယတ္တိ အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သုံးခွမြို့ ကျောင်းသစ်ကျောင်း၌ ၁၂၉၆ခုနှစ်မှစ၍ တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိ အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ ဋီကာကျမ်းတို့ကို ပို့ချတော်မူ၍လည်းကောင်း၊ သုံးခွမြို့နယ် ပါဠိပထမပြန်စာမေးပွဲ၌ ကြီးကြပ်ရေးတာဝန်၊ သုံးခွမြို့ပေါ်ရှိ ကျောင်းသူ ကျောင်းသားတို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေသင်ကြားပို့ချခြင်းတာဝန်၊ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်စသော သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသောဂုဏ်များနှင့် သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါအရ ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် (၃)ရက် (၅-၆-၂၀၀၄)၊ စနေနေ့ နံနက် ၃နာရီ ၁၀မိနစ် အချိန်တွင် သုံးခွမြို့ ကျောင်းသစ်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၅

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ် အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၂/၃၁)နေ အားစိမ်း၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ အခန်းတွင်းရှိ ရေစင်ဘေးမှ ဒဗလျူပိုင်စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၂/၃၁)နေ ဦးအိုက်လွမ်း၏သား အားစိမ်းအား တာချီလိတ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ်(၇၈/၂၀၀၃)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် တရားရုံးက တရားခံ အားစိမ်းအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ်(၂၅)နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူနယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ပဲခူးမူးယစ်အထူးအဖွဲ့နှင့် ပဲခူးရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်၂၀၀၃ခုနှစ် ဇူလိုင် ၃၁ရက်တွင် ပဲခူးမြို့အဝင် ပိုလန်စစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်များအားစစ်ဆေးရာ ခရီးသည်တင် ယာဉ်အမှတ်(၄ခ/၄၆၄၈)တွင် လိုက်ပါလာသည့် ခရီးသည်ဒေါ်မြကြည်နှင့်မစန်းအေးတို့နှစ်ဦးထံမှ ဆေးခြောက် ၃ဒသမ ၂ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကျောက်ကြီးမြို့နယ် မြွေတော်ရွာနေ ဦးအောင်သက်၏သမီး ဒေါ်မြကြည်နှင့်တစ်ရွာတည်းနေ ဦးဝင်းမောင်၏သမီး မစန်းအေးတို့နှစ်ဦးအား ပဲခူးအမှတ်(၁)ရဲစခန်းမှ မူးယစ် ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ် ၂/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ပဲခူးခရိုင်တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် တရားခံဒေါ်မြကြည်အား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀)၊ တရားခံမစန်းအေးအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)၊ မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ(၁၅) အရ ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်များ သီးခြားစီကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။ (သတင်းစဉ်)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လူမှုဘဝချမ်းသာဖို့ ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်စို့

ဒေါက်တာလွင်ကို

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day) ဟု သတ်မှတ်ထားပါသည်။ ကျွန်တော်သည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဖိတ်ကြားချက်အရ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများ၊ လူနာများကို "မိခင်နှင့်ကလေးကျန်းမာရေး ဆေးလိပ်ရှောင်ကြဉ်ပေး"ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် "ဆေးလိပ်အန္တရာယ်" စာအုပ်ကို မှီငြမ်းပြု၍ ဟောပြောရာ အလွန်ကောင်းမွန်ပြည့်စုံသောစာအုပ်ဖြစ်သဖြင့် ချန်လှပ်၍ထားရန်အချက် မရှိသလောက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဟောပြောပြီး အပြန်အလှန်ဆွေးနွေးမေးမြန်းခန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

မေး– ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီး သောက်လို့၊ ငုံလို့ဖြစ်တဲ့ ရောဂါတွေကများတော့ တစ်ခေါက်ထပ်ပြီး ပြောပြပေးပါလားဆရာ။

ဖြေ– လည်ချောင်းကင်ဆာ၊ ပါးစပ်တွင်းကင်ဆာများ၊ အသံအိုးနဲ့လည်မျိုကင်ဆာ၊ အစာပို့ပြွန်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ဆီးအိမ်နှင့်ကျောက်ကပ်ကင်ဆာ၊ မုံ့ချိုအိတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ အသည်းကင်ဆာနဲ့ အဆုတ်ကင်ဆာ စသည်များဖြစ်စေတတ်ပါတယ်။ ဒါ့အပြင် အဆုတ်ပြွန်ရောင်ခြင်း၊ ပန်းနာရောဂါ၊ အစာအိမ်အနာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အရိုးပွ အရိုးကျိုးလွယ်ခြင်းနဲ့ သွေးကြောအတွင်းသွေးခဲလွယ်ခြင်းကြောင့် STROKE လို့ခေါ်တဲ့ ကိုယ်တစ်ခြမ်းသေခြင်းများ ဖြစ်နိုင်ပါတယ်။

ပန်းသေ၊ ပန်းညှိုးလွယ်ခြင်း၊ အမျိုးသမီးများ သားသမီးမထွန်းကားနိုင်ခြင်း၊ သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်း၊ သားပျက်သားလျှောတတ်ခြင်း၊ လမစေ့ဘဲ ကလေးမွေးခြင်း၊ ကလေး ပေါင်ချိန်မပြည့်ခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းခြင်းတို့ဖြစ်တတ်ပါတယ်၊ အထူးသဖြင့်တော့ ဆေးလိပ် စီးကရက် တစ်နေ့ ၁၀ လိပ်သောက်သူဟာ မသောက်သူထက် ၃၉ ဆ နှလုံးရောဂါပိုဖြစ်ပြီး၊ ဦးနှောက်သွေးခဲပြီး (STROKE) ဒုက္ခရောက်ဖို့ ၂၂ ဆ ပိုတယ်လို့ လေ့လာမှတ်သားလိုက်ကြပေါ့ဗျာ။

မေး– ဆေးလိပ်သောက်ရင်ဘယ်လောက်ကြာမှ ဒီရောဂါတွေဖြစ်တာလဲဆရာ၊ စသောက်ကတည်းကရော ဘာတွေဖြစ်နိုင်ပါသလဲ။

ဖြေ– ဘယ်လောက်ကြာမှ ဒီရောဂါတွေဖြစ်မယ်ဆိုတာ ပြောရခက်ပါတယ်၊ ဆေးလိပ် သောက်တဲ့နှုန်းပမာဏ၊ တစ်ဦးချင်းစီရဲ့စရိုက်နဲ့ မျိုးရိုးဗီဇပေါ်မှာတည်ပါတယ်၊ များများသောက်ရင် မြန်မြန်ရောဂါခံစားရမှာသေချာပါတယ်၊ စသောက်လျှင်သောက်ချင်း သုံးစက္ကန့်အတွင်း အဆုတ်၊ နှလုံး၊ ဦးနှောက်နဲ့ ခန္ဓာကိုယ်အနှံ့အပြား အဆိပ်ဓာတ်တွေရောက်သွားပြီး တစ်မိနစ်မှာ နှလုံးခုန်ချက် ၁၅ မှ ၂၅ ထိ တိုးလာပါမယ်။ သွေးပေါင်ချိန် ၁၀ မှ ၂၀ အထိ တိုးလာနိုင်ပါတယ်။ ဆေးလိပ်ငွေ့များကနှုတ်ခမ်းနဲ့ ခံတွင်းအတွင်းမှာရှိတဲ့ အမွေးပါးလေးများကို ချက်ချင်းပျက်စီးစေပါတယ်။ အသက်ရှုလမ်းကြောင်းကို ကျဉ်းသွားစေပြီး အဆုတ်လေအိတ် ကလေးတွေထဲမှာ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းများကိုကပ်နေစေပါတယ်။ အဲဒီကတစ်ဆင့် သွေးကြောထဲဝင်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းမျိုးစုံကို ချက်ချင်းဒုက္ခပေးတော့တာပါပဲ။ သိသာတာနဲ့ မသိသာသေးတာပဲကွာတယ်။ ဘယ်သူ ဘယ်ဆေးလိပ်သောက်သောက် အန္တရာယ်ကတော့ မကင်းဘူးလို့ သဘောပေါက်ပေးပါ။

မေး– Passive Smoker လို့ခေါ်တဲ့ ကိုယ်တိုင်မသောက်ဘဲ ရှူရသူနဲ့ သောက်တဲ့သူ ဘယ်သူက ရောဂါအဖြစ်ပိုများမလဲဆရာ။

ဖြေ– အခန်းရဲ့အခြေအနေ လေတိုက်နှုန်းထားပေါ်မှာ တည်ပါလိမ့်မယ်။ ခပ်လုံလုံ၊ ခပ်ကျဉ်းကျဉ်းအခန်းမှာ ယောကျ်ားက ဆေးလိပ်သောက်၊ မိန်းမက ဝတ္ထုဖတ်နေကြမယ်ဆိုရင် လေဝင်လေထွက်နည်းလို့ အတူတူနီးပါးထိခိုက်ပြီး ရောဂါဖြစ်နိုင်ပါတယ်။

မေး– ဆေးလိပ်က အရက်၊ ဘိန်းတို့လို စွဲစေသလားဆရာ၊ ဘာကြောင့်ပါလဲ။

ဖြေ– စွဲစေပါတယ်။ စွဲစေတဲ့ မူးယစ်ဆေးထဲမှာ ဘိန်း (Opiate type)၊ ဆေးခြောက် (Cannabis type)၊ စိတ်ကြွဆေး (Stimulant type)နဲ့ နီကိုတင်းအမျိုးအစား (Cocaine type)ဆိုပြီးရှိရာမှာ ဆေးလိပ်ထဲမှာပါတဲ့ နီကိုတင်းက စွဲစေတာပါပဲ။ စီးကရက်တစ်ရှိုက် ရှိုက်လိုက်ရုံနဲ့ ခုနစ်စက္ကန့်အတွင်း ဦးနှောက်အတွင်း နီကိုတင်းဓာတ်ရောက်ပါတယ်။ ၁၀ ရှိုက်လောက် ရှိုက်ပြီဆိုရင် အရသာရှိသလိုလို ခံစားရတတ်ပါတယ်။ အဲဒါစွဲစေခြင်းရဲ့ အစပါပဲ။ ဆေးလိပ်သောက်ကျင့်ရှိသူတစ်ယောက်ဟာ မသောက်ရလို့ စိတ်မကြည်လင်ခြင်း၊ စိတ်တိုခြင်း၊ စိတ်သောကရောက်ခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်လာပြီဆိုရင် ဆေးလိပ်စွဲနေပြီလို့ မှတ်ယူနိုင်ပါတယ်။

မေး– ဆေးလိပ်မီးခိုးငွေ့နဲ့ ရှူလိုက်တဲ့ အခိုးထဲမှာပါတယ်ဆိုတဲ့ အဆိပ်ဓာတ်တွေက ဘာတွေပါလဲ၊ ဘယ်လိုဒုက္ခပေးတာပါလဲ၊ လေထဲမှာ အမြဲတည်နေရောလားဆရာ၊

ဖြေ– ဆေးလိပ်ငွေ့မှာ ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော် ပါဝင်ပြီး ပြီးတော့ အဲဒီအထဲက ၆၀ ဟာ အဆိပ်လို့ ခေါ်ရလောက်အောင် ဒုက္ခပေးနိုင်ပြီး အရေးအကြီးဆုံး ပြဿနာဖြစ်စေတာကတော့ အမှုန် ၁၂ မျိုးနဲ့ အငွေ့ ရှစ်မျိုးပဲဖြစ်ပါတယ်။ အမှုန်တွေထဲက (၁)ကတ္တရာ၊ (၂)ပိုလီနူကလီးယားဟိုက်ဒရိုကာဘွန်၊ (၃) ဖီနော၊ (၄)ခရီဆော၊ (၅) ဘီတာနက်သိုင်လမင်း၊ (၆) အင်–နိုက်ထရိုဆိုနိုနီကိုတင်း၊ (၇)ဘင်ဇင်းပိုင်ရင်း၊ (၈)နီကယ်/အာဇင်နစ်/ပိုလိုနီယမ် ၂၁၀ စတဲ့သတ္တုများ၊ (၉) ကက်တခေါ်လ်တွေက ကာစီနိုဂျင်ဆိုတဲ့ ကင်ဆာဖြစ်နေနိုင်တဲ့ ဓာတ်ဖြစ်ပြီး အင်ဒိုးလ်နဲ့ ကာဘာဇိုလ်တွေက အကျိတ်အခဲကို ကြီးမားစေပါတယ်။ နာမည်ကြီး နီကိုတင်းကတော့ အာရုံကြောများကို လှုံ့ဆော်နိုင်သလို ဖိနှိပ်တတ်ပါတယ်။

အငွေ့ ၈ မျိုးထဲက (၁)နိုက်ထရိုဆာမင်း၊ (၂)ဟိုက်ဒရာဇင်း၊ (၃)ဗင်နိုင်းလ်ကလိုရိုက်တို့ကလည်း ကင်ဆာဖြစ်စေတတ်ပြီး(၁) ဟိုက်ခရိုဆိုင် ယနစ်အက်စစ်၊ (၂) အက်စီတော်ဒီဟိုက်၊ (၃) အတ်ခရိုလိနဲ့ (၄) အမိုးနီးယား၊ (၅) ဖော်မယ်ဒီ ဟိုက်၊ (၆) နိုက်ထရိုဂျင်အောက်ဆိုက်တွေက အသက်ရှူလမ်းကြောင်းမှာရှိတဲ့ အမွေးအမျှင်များကို လှုံ့ဆော်ခြင်း၊ အမွေးအမျှင်များအတွက် အဆိပ်ကိုဖြစ်စေပါတယ်။ ကာဘွန်မိုနောက်ဆိုက်ကတော့ အောက်ဆီဂျင်ဓာတ်ကို အနှောင့်အယှက်ပေးလေ့ရှိပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ ရှူရရင် အဆိပ်ငွေ့ရှူရတယ်လို့ သဘောပေါက်ကြပါ။ ဆေးလိပ်ငွေ့တွေဟာ လေထဲမှာအမြဲမရှိပါဘူး။ လေထဲမှာရှိတဲ့ တခြားဓာတ်တွေနဲ့ဓာတ်ပြုပြီး တစ်ချိန်ချိန်မှာ ဓာတ်ပြောင်းကုန်ပါတယ်။

မေး။ ဆေးလိပ်သောက်ရင် ဘယ်လောက်အသက်တိုတယ်ဆိုတာ ထပ်ရှင်းပြပါဦးဆရာ။

ဖြေ။ ဆေးလိပ်တစ်လိပ်သောက်တိုင်း၊ သောက်တိုင်း ငါးမိနစ်ခွဲခန့် အသက်တိုပါတယ်။ နောက်တစ်နည်းကတော့ လူတွေရဲ့ သက်တမ်းဟာ နှစ် ၇၀ ဆိုပါစို့။ အရွယ်ရောက်ပြီး တစ်စုံတစ်ယောက်ဟာ တစ်နေ့ကို စီးကရက် ၄၅ လိပ်သောက်ရင် အသက်၄၅ နှစ်မတိုင်မီ သေမှာအမှန်ပါပဲ။ နောက်ပြီး အသက် ၄၀ အောက် နှလုံးရောဂါခံစားနေရသူများရဲ့ ၇၆ ရာခိုင်နှုန်းဟာ စီးကရက်သောက်လို့ဆိုတာ လေ့လာသိရှိရပါတယ်။ ဒီနေ့ ကမ္ဘာမှာ နှစ်စဉ် လူလေးသန်း ဆေးလိပ်သောက်လို့ သေရတယ်လို့ W.H.O က ပြောထားတော့ တွက်ကြည့်ရင် ရှစ်စက္ကန့်တိုင်းမှာ လူတစ်ယောက်ဟာ ဆေးလိပ်ကြောင့် သေနေရတယ်လို့ အဖြေပေါ်ပါတယ်။ ဒီစာရင်းထဲမှာ ကျွန်တော်တို့ ဘယ်တော့မှ မပါအောင်ကြိုးစားကြရအောင်ဗျာ။

မေး။ ဆေးလိပ်ဖြတ်ရင်ကော ဘာအကျိုးရှိမှာလဲ။ သောက်ခဲ့လို့ ဖြစ်ခဲ့တဲ့ ရောဂါတွေ ပြန်ပျောက်မှာလား။

ဖြေ။ အကျိုးရှိတာပေါ့။ ငွေကုန်သက်သာမယ်၊ အင်္ကျီ၊ လုံချည် ဆေးလိပ်မီးပေါက် သက်သာမယ်။ ပါးစပ်က မကောင်းတဲ့ဆေးလိပ်နံ့ မထွက်ဘူးပေါ့။ ဆေးလိပ်ကြောင့် ရောဂါခံစားနေရရင် အဲဒီရောဂါ သက်သာလာမှာပေါ့။ ပျောက်နိုင်တဲ့ရောဂါဆို ပျောက်သွားမှာပဲ။ လက်ငင်းရလဒ်ကတော့ ကိုယ်ခန္ဓာအတွင်းမှာ အဆိပ်များသန့်စင်မယ်။ နီကိုတင်းဓာတ်က ရှစ်နာရီအတွင်း ထက်ဝက်လျော့သွားပြီး ကာဘွန်မိုနောက်ဆိုက်ဓာတ်က ၂၄–၄၈ နာရီအတွင်း သာမန်ဆေးလိပ်မသောက်သူလိုဖြစ်အောင် ပြယ်ကုန်မယ်။ အသက်ရှူချောင်လာမယ်။ အနံ့နဲ့အရသာ အာရုံခံမှုကောင်းလာမယ်။ သွားတွေဖြူလာပြီး ခံတွင်းအနံ့လည်း သန့်ရှင်းမယ်။ ကြာရှည်ရလဒ်ကတော့ တစ်နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ ထက်ဝက်လျော့သွားမယ်။ ဆေးလိပ် ၁၅ နှစ်ဖြတ်ပြီးသူဆိုရင် သာမန်ဆေးလိပ်မသောက်ဖူးသူများကဲ့သို့ပဲ ဖြစ်လာမယ်။ ဆေးလိပ်သောက်လို့ နှလုံးရောဂါ ဖြစ်နေပြီးသူ ဆိုရင် သေနှုန်း ၅၀ ရာခိုင်နှုန်းကျသွားမယ်။ ဆေးလိပ်သောက်လို့ဖြစ်တဲ့ ပန်းနာ၊ ချောင်းဆိုး၊ လေပြွန်ရောင်တာတွေ ပျောက်ကုန်မှာပေါ့။ ဒါကြောင့် ဆေးလိပ်သောက်တတ်ရင် မြန်မြန်ဖြတ်ကြပါဗျာ။

မေး– ဆေးလိပ်ဖြတ်နည်း ရှိပါသလား။

ဖြေ– ရှိတာပေါ့၊ ဒါပေမယ့် ဖော်မြူလာတော့မရှိဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဖြတ်ပုံဖြတ်နည်းချင်း ကွာမယ်ထင်ပါတယ်။

ယေဘုယျအားဖြင့်တော့–

၁။ ဆေးလိပ်၏ဆိုးကျိုးများကို သေချာစွာသိနားလည်ရမည်။

၂။ ဆေးလိပ်ဖြတ်မည်ဟု သန္နိဋ္ဌာန်စိတ်ပြင်းပြစွာ ချမှတ်နိုင်ရမည်။

၃။ ဆေးလိပ်သောက်လေ့ရှိတတ်သော အချိန်များတွင် ကိုယ်လက်လှုပ်ရှားအားကစားလုပ်လိုက်ပါ။ သို့မဟုတ် လေးစားထိုက်သော ပုဂ္ဂိုလ်နှင့် စာ၊ စကားဆွေးနွေးလိုက်ပါ။

၄။ အိမ်သို့လာသော မည်သည့်ဧည့်သည်ကိုမဆို ဆေးလိပ်ဖြင့် ဧည့်မခံပါနှင့်။ အိမ်တွင် ဆေးလိပ်မထားပါနှင့်။

၅။ ဆေးလိပ်ချင်ခြင်းတပ်လျှင် ရေအဝသောက်လိုက်ပါ။

၆။ ဆေးလိပ်သောက်သော မိတ်ဆွေကို ရှောင်ပါ။

၇။ ကျွန်ုပ် ဆေးလိပ်ပြတ်ပြီဟု မိတ်ဆွေအပေါင်းအသင်းတို့အား ရဲရဲတင်းတင်းကြေညာလိုက်ပါ။

၈။ အလှူမင်္ဂလာဆောင်တို့မှကမ်းသော ဆေးလိပ်ကို လက်မခံပါနှင့်။ မိမိအလှူလုပ်သောအခါတွင်လည်း ဆေးလိပ်ဖြင့် ဧည့်မခံပါနှင့်။

၉။ ယခင်က လစဉ်ဆေးလိပ်ဖိုးများကို တွက်ချက်၍ ထိုပမာဏရှိသောငွေကို ကုသိုလ်ပြု၍ အထပ်ထပ် ကြည်နူးကြည့်ပါ။ မိတ်ဆွေဆေးလိပ်ပြတ်သွားပါလိမ့်မယ်။ စမ်းကြည့်ကြစမ်းပါ။

မေး– မြန်မာပြည်မှာ ဆေးလိပ်အန္တရာယ်ကင်းဝေးအောင် ကူညီကြပါလို့ ဆရာဟောပြောသွားပါတယ်။ ကျွန်မတို့ ဘယ်လိုကူညီရမှာပါလဲ။

ဖြေ– ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းက တန်ဖိုးအရှိဆုံး မေးခွန်းပါ။ **"ဆေးလိပ်အန္တရာယ်သည် အမျိုးသားရေးကို ထိခိုက်နိုင်သဖြင့် လူငယ်လူရွယ်များအား ဆေးလိပ်အန္တရာယ်ရှိမှုကို ယခုထက် ပိုမိုထိရောက်အောင် ပညာပေးကြဖို့ မှာကြားလိုပါတယ်"လို့ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က (၂၆)ကြိမ်မြောက် အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးမှာ မိန့်ကြားခဲ့ပါတယ်။** ဒါကြောင့် မိမိပတ်ဝန်းကျင်မှာရှိတဲ့ ကြီးကြီးငယ်ငယ် ဘယ်သူမဆို ဆေးလိပ်မသောက်အောင် တားမြစ်ခြင်းဟာ အမျိုးသားရေးအန္တရာယ်ကို ကာကွယ်နေခြင်းလို့ မှတ်ယူယုံကြည် ပြီးတော့–

– ကျန်းမာရေးဝန်ထမ်းတိုင်းက လူနာတိုင်းကို

– ဆရာ၊ ဆရာမတိုင်းက ကျောင်းသား၊ ကျောင်းသူတိုင်းကို

– ဆေးလိပ်မသောက်သူတိုင်းက ဆေးလိပ်သောက်သူမိတ်ဆွေတိုင်းကို

– အိမ်သူသက်ထားဇနီးတိုင်းက မိမိတို့၏ ခင်ပွန်းတိုင်းကို

– မိဘတိုင်းက သားသမီးတိုင်းကို ဆေးလိပ်မသောက်ရန် ချော့ခြင်း၊ ခြောက်ခြင်း၊ ငေါက်ခြင်း၊ (ဗဟုသုတပေးခြင်း၊ ဖြန့်ဝေခြင်း၊ လက်ဆင့်ကမ်းခြင်း)နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးခြင်းဖြင့် ကူညီကြပါလို့ မေတ္တာရပ်ခံပါတယ်။ အထူးသဖြင့်တော့ ဆေးလိပ်မဖြတ်နိုင်သေးတဲ့ ခင်ပွန်းကို ထမင်းခူးကျွေးရမယ့်အချိန်မှာ ဘုရားခန်းဝင်ပြီး စိပ်ပုတီးစိပ်နေလိုက်ပေါ့ဗျာ။ မိခင်များအားလုံးကို အားကိုးပါတယ်။ ။

ပျိုးပင်စိုက်ပျိုး

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်သည် လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့်အတူ ပျိုးဥယျာဉ်အတွင်း ပျိုးထုပ်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့အား မေ ၁ ရက်က ဆောင်ရွက်ရာ ပျိုးဥယျာဉ်တွင် ဒေသနှင့်ကိုက်ညီ၍ ရာသီအလိုက်ပွင့်သော ပန်းအလှပင်များနှင့် ပျိုးပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးယောသိတတရားတော် ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Vital Statistics (ပြည်သူ့ရေးရာ–ပထမနှစ်)
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ မြန်မာ့ရှုခင်း
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၂)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားတေးသမား" (အပိုင်း–၇)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ

မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲကျေးဇူးတင်လွှာ

တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်-ဒေါ်တင်မမထွန်းတို့၏သားတပည့်
မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ အမှတ်(စ/၁၂၆)နေ ဦးမြင့်ဝင်း-ဒေါ်မြင့်ရီတို့၏သားထွေး

ဗိုလ်ကြီးကျော်မင်းဟန် B.Sc (D.S.A) (တပ်မတော်နည်းပညာတက္ကသိုလ်) နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်(၁၈/၃)နေ
(ဒုတိယရဲမှူးကြီးကျော်ယဉ်)-ဒေါ်ခင်စော တို့၏သမီးကြီး

မလှဲ့လှဲ့ယဉ် B.Sc (Zoo),Dip.DS (ပြည်သူ့အင်အားဦးစီးဌာန)

တို့၏ ၅-၆-၂၀၀၄ရက် (စနေနေ့)တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်မင်းဟန်-မလှဲ့လှဲ့ယဉ်။

KMD Computer Centre | **IAD** သင်တန်းလျှောက်လွှာ ခေါ်ယူခြင်း

သင်တန်းဖွင့်မည့်ရက် 19 June 2004
(7:00 - 4:00) Sat - Sun
(3:00 - 5:00) Fri

နိုင်ငံတကာအဆင့် ICT Professionals ဖြစ်ရန်အတွက် လိုအပ်သည့် ဘာသာရပ်များကို ...
International Advanced Diploma IAD (Year Two) အောင်မြင်ပြီးလျှင် BCIS (Year Three) ... B.Sc. Honours Degree ...

Further Studies

Year One IDCS/IDEC ▶▶ Year Two IAD ▶▶ Year Three BCIS

KMD (Head Office) :550-552, Merchant Road., Kyauktada Tsp., Ygn.
Tel : 249155 / 381035 Email: kmd.ncc@yangon.net.mm

စေ့စပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ... အမှတ်(၇-E)နေ ...-ဒေါ်ကြူကြူ(SAT-ငြိမ်း) တို့၏ သားငယ်

မောင်ကျော်ဝေယျာမျိုး B.A English (Y.U.F.L)

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ... အမှတ်(၃၈)နေ ဗိုလ်မှူးသန်းထွန်း(ငြိမ်း)-ဒေါ်မြင့်မြင့်သန်း(SAT -ငြိမ်း)တို့၏ သမီးငယ်

မသူဇာမြင့်ထွန်း B.Econ; Stat: (Final Year)

တို့၏ (၅-၆-၂၀၀၄)ရက်နေ့ Summit Park View Hotel (Ball Room)တွင် ကျင်းပပြုလုပ်ခဲ့သော စေ့စပ်မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ... ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဝေယျာမျိုး-မသူဇာမြင့်ထွန်း။

စတုတ္ထအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၅

ဗုဒ္ဓဂယာ ဘုရားဖူးပြန်အလှူရှင်များနှင့် စေတနာရှင်တို့၏ စတုတ္ထအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို နယုန်လပြည့်ကျော် ၈ရက်၊ ဇွန် ၁၀ ရက် နံနက် ၈နာရီတွင် သာသနာရေးဝန်ကြီးဌာန ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမွေ့သဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးကစ္စာယန အခန်း(၉) ပုဗ္ဗ ဝိဒေဟကျောင်းဆောင် ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ဖုန်း-၆၆၆၁၄၈၊ ၀၉၈၀၂၄၈၂၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကျေးဇူးတင်လွှာ

၂၉-၅-၂၀၀၄ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သော မင်္ဂလာပွဲ၌ မင်္ဂလာဝတ်စုံကို စီမံချုပ်လုပ်ပေးသော မမဥ္ဇူ(အင်းယားလမ်း)နှင့် လက်မှတ်ထိုး ညစာစားပွဲဝတ်စုံ ချုပ်လုပ်ပေးခဲ့သော မသက်တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ဇာနည်-မကြည်လှဲ့လှဲ့ဦး။

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၅

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၇၁)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်စတင်၍ အသင်းချုပ်တွင် ကျင်းပမည်ဖြစ်ရာ ဇွန် ၁၉ရက်တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်မြောက်ပိုင်း U-9 မြေကွက်ကို သင့်တင့်လျောက်ပတ်သောဈေးနှုန်းနှင့် ဝယ်ယူလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဆက်သွယ်ရန်ဖုန်း [၀၉-၅၉-၂၅၃၂၆]

အမည်ပြောင်း

အဖ ဦးကျော်ခိုင်သိန်း၏ သားဖြစ်သူ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း G III(A)မှ မောင်စွမ်းထက်အောင်အား မောင်ဇော်ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်ထက်နိုင်။

ရန်ကုန်မြို့တော်ရဲ့ အချက်အချာအကျဆုံး။
သွားလာရေးလွယ်ကူပြီး ကျယ်ဝန်းလုံခြုံစိတ်ချရသော သီးသန့် **Car-Parking** နှင့် ခေတ်မီဆန်းပြားသော ဝန်ဆောင်မှုများစွာတို့ဖြင့် ထူးခြားစွာ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ထားသော

Excel Shopping Mall

ဖွင့်လှစ်လိုက်ပါပြီ

ခေတ်မီဆန်းပြားသောကြော်ငြာများဖြင့် ရောင်းချပေးလျက်ရှိပါသည်။

အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၁-၅၅၉၁၄၄ (၈ လိုင်း)

NATIONAL CD

အမှတ် ၃၇၅၊ ဗိုလ်ချုပ်လမ်း(...)၊ ရန်ကုန်။
ဖုန်း- 708225
အမှတ် ၁၆၁၊ မြေညီထပ်၊ ၃၄လမ်း၊ ရန်ကုန်။
ဖုန်း- 252604, 280334

Q . E . L . C

ဦးအောင်အောင်သိန်း B.A(English) Diploma in ELT, Cambridge Certificate in ELT

- 4 SKILLS ENGLISH (Basic)
  JUNE (7, 14, 30)
- 4 Skills English Intermediate May (29)
  English Skills Foundation June (5)
  IELTS, TOEFL June (12) / June (14)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅-၆-၂၀၀၄)

ကသာ	- ၂ ဒသမ ၃၆ လက်မ
ကျောက်ဖြူ	- ၁ ဒသမ ၉၃ လက်မ

အချစ်များစွာအတွက် Vol - 2

အမုန်းများစွာအတွက်

ငယ်ဆူး၊ကျော်သူစိုး၊အောင်ကောင်းထက်၊S.P၊မြေပဲယို
Dinner Flame၊9mm၊ညီသူ၊မောင်ဘုန်း
ချောစုခင်၊ရှင်ဖုန်း၊ရေဗက္ကဝင်း

TAPE CD ထွက်ပြီ

ဒေါ်ခိုင်ခိုင်မောင်(ဒါရိုက်တာ)

Gem & Jade Garden International Co., Ltd. သိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ တိုက်အမှတ် (၂၆/စီ)၊ အခန်းအမှတ်(၆)နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၃လမ်းနှင့် ၆၉လမ်းထောင့်အမှတ်(၁၇)နေ ဦးမောင်မောင်၏သမီးဖြစ်သူ ဒေါ်ခိုင်ခိုင်မောင်အား အရောင်းအဝယ်ပြုလုပ်ပေးရန်အတွက် ဒေါ်မာမာကြည် [၁၂/ဒဂန(နိုင်)၀၁၈၀၉၄]နှင့် မိတ်ဆွေများမှ ယုံကြည်မှုဖြင့်ပေးအပ်ထားသော စိန်ထည်၊ စိန်အကြွေထုပ်နှင့် ငွေသားအပါအဝင် စုစုပေါင်းတန်ဖိုး ၃၀၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာတိတိ)ကို သတ်မှတ်ရက်အတွင်း ဒေါ်ခိုင်ခိုင်မောင်မှ ပြန်လည်ပေးအပ်နိုင်ခြင်းမရှိဘဲ ယခုအချိန်အထိ ရှောင်တိမ်းနေပါသဖြင့် ဤကြော်ငြာသည့်နေ့မှ တစ်လအတွင်း လူကိုယ်တိုင် လာရောက်ဖြေရှင်းပါရန်နှင့် ဖြေရှင်းခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးအေးသိန်း (တရားရုံးချုပ်ရှေ့နေ)
B.Sc, H.G.P,R.L,D.B.L,D.M.L.
အမှတ်(၁၁၄)၊ စက်မှု(၁)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။

MARKETING (အဆင့်မြင့် ဈေးကွက်ပညာရပ် သင်တန်း)

ဈေးကွက်မှာအောင်အောင်မြင်မြင်ထိုးဖောက်နိုင်ဖို့ ဈေးကွက်ဝင်အောင် ဖော်ဆောင်နည်းတွေကို ရောင်းချမဲ့ဈေးကွက်ရဲ့အခြေအနေ၊ ကိုယ်ရောင်းမဲ့ ပစ္စည်းရဲ့ အနေအထားနဲ့ ကိုက်ညီအောင် မဟာဗျူဟာ (Strategy) နဲ့ နည်းဗျူဟာ (Tactics) တွေ ရေးဆွဲအကောင်အထည်ဖော်ပြီး ဘယ်လိုချိန်ကိုက်လှုပ်ရှားရမယ်ဆိုတာတွေကို လေ့လာနိုင်မှာဖြစ်တယ်။ သူလိုငါလို Marketing လုပ်ခြင်းမျိုးမဟုတ်ဘဲ သေချာပေါက် ဈေးကွက်မှာနေရာရနိုင်မဲ့ Marketing Theory တွေ၊ သဘောတရားတွေကို သိရှိနိုင်မှာဖြစ်တယ်။ ဈေးကွက်ပညာရပ်ကို စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ပါတယ်။

MENTOR BMC School of Business

၁၁၇(၃လွှာ/ညာဘက်)၊ ၄၆ (အထက်)လမ်း။ ဖုံး- ၂၉၁၃၅၈ (၆ ဇွန် ၂၀၀၄ တနင်္ဂနွေ-၁၁နာရီခွဲ ဖွင့်မည်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်
(၂၀၀၄ခုနှစ် မေလ ၁၅ရက်)

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ (၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက်အခြေအနေများ လေ့လာနိုင်ရန်။

(ဂ) ပြည်ပမှရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေး အဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အမည်ပြောင်းခြင်း
အဘ ဦးမျိုးဆွေ၏သား အထက (၂)ကြည့်မြင်တိုင် နဝမတန်း(စ)မှ မောင်ထွန်းထွန်းဝင်[၁၂/ကမတ(နိုင်)၀၆၅၁၇၈]အား ယနေ့မှစ၍ မောင်ထွန်းဝင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထွန်းဝင်းအောင်။**



ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၀(သမိုင်း)၊ မြေကွက်အမှတ်– ၁၈/ က/ဘ ၊ ဧရိယာ(၀.၀၃၁မ၁၀၄)ဧကရှိ မြေပိုင်မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရွှေရတနာလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၁၈/ကB)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသက်ဝင်း [၁၂/ကတတ(နိုင်)၀၁၆၇၃၃]နှင့် ဒေါ်ကြူကြူစော(ခ)စောအိုက်ကြူ[၁၂/ကတတ(နိုင်)၀၁၆၇၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ– ဦးမျိုးမော် B.Sc,H.G.P, Dip. in B.L
Unity Real Estate Co.,Ltd ၏ ဥပဒေအကြံပေး
တိုက်(၁၁၀)၊ အခန်း(၃)၊ ပြည်လမ်း၊ မရမ်းကုန်း။
Telephone-651512-652040-726390, Fax: 651512

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကိုပြင်ဆင်မှုတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ
ပဲခူးတိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်–၁၁

ဦးမောင်မောင်လွင်ပါ–၇	**နှင့်**	**ဦးမောင်မောင်တင်ပါ–၇**
(ပြင်ဆင်မှုလျှောက်ထားသူ)		**(ပြင်ဆင်မှုလျှောက်ထားခံရသူ)**

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၂၄)ရက်နေ့စွဲပါ တောင်ငူခရိုင် တရားရုံးတော်မှ ကြားဖြတ်အမိန့်ကို ပြင်ဆင်မှု။

ပြင်ဆင်မှုလျှောက်ထားခံရသူ တောင်ငူမြို့၊ ယခင်–၁၃ရပ်ကွက်၊ (၅)လမ်း၊ (၁)ဦးမောင်မောင်ဇင်(ဘ)ဦးမောင်လေး (၂)ဦးမောင်မောင်ခင်(ဘ)ဦးမောင်လေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် တောင်ငူခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို ပြင်ဆင်မှုလျှောက်ထားသူက ပြင်ဆင်မှုဝင်ရောက်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုပြင်ဆင်မှုကို ၂၀၀၄ခုနှစ် ဇွန်(၁၅)ရက် (၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ရက်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် မေလ(၂၅)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မင်းအောင်
B.Sc;H.G.P.,R.L. (Advocate)
တွဲဖက်တိုင်းတရားသူကြီး
ပဲခူးမြို့။



ရောင်း/လဲ
- တာမွေကွန်ဒို
- ချောင်းသာတည်းခိုခန်း
- 15' x 60' (၃)လွှာ

ဖုန်း–၅၅၇၃၃၂။

အိမ်ငှားမည်
ရာဇာဓိရာဇ်အိမ်ရာ၊ပုဇွန်တောင်မြို့နယ်၊ အောက်ဆုံးထပ်၊ ထောင့်ခန်း၊ ဖုန်းပါ။ ပွဲစားမလို။

ဖုန်း–၅၇၉၈၂၅၊ ၅၆၅၃၆၇။

မြေးအားအမွေပြတ်စွန့်လွှတ်ခြင်း
ဦးဝင်း – ဒေါ်စိန်ရွှေတို့၏မြေး မောင်ဟိန်းထက်အောင်[၁၀/မလမ(နိုင်)၁၆၉၅၃၁]သည် အဘိုး၊ အဘွားတို့အား စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ၍ မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းကိစ္စများကို လုံးဝတာဝန်မယူပါ။

ဦးဝင်း–ဒေါ်စိန်ရွှေ
ကျိုက်သုတ်ဘုရားလမ်း၊
မော်လမြိုင်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၃/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်
(၂၀၀၄ခုနှစ်၊ ဇွန်လ ၃ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် သတ်မှတ်လုပ်ကွက်(အသစ်)အဖြစ် အကွက်ရိုက်သတ်မှတ်ပေးရန်သတင်းပေးတင်ပြလွှာပုံစံ(မကလ/သမ-၁)ဖြင့် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအနက် ကွင်းဆင်းစစ်ဆေး တိုင်းတာပြီး လုံးခင်း၊ ဖားကန့်ဒေသတွင် အကွက်ရိုက်သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သတ်မှတ်လုပ်ကွက်(အသစ်)များကို ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ် ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်း အရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင် ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက် ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန် သတ္တုတွင်း ဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန် ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာ ဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ခုနှစ်၊ မေလ(၁၂) ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာ အမှတ်၊ ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်(အသစ်) တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် အချို့သတ်မှတ်လုပ်ကွက်(အသစ်)များ အနေဖြင့် တစ်ဧကထက်လျော့နည်းသည့် လုပ်ကွက်များလည်း ပါဝင်ပါ သည်။ လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံ တစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာ လုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်(အသစ်)အတွက် ခွင့်ပြုသက်တမ်းမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်း ဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့် သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်(အသစ်)လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက် တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံ စပေါ် ငွေများနှင့်နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲ ပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများ ထုတ်ယူခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် ဇွန်လ(၇)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်း များ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ် လုပ်ကွက် (အသစ်) များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လိုအပ်သည်များကို ပြည့်ပြည့် စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊ အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် ဇွန်လ(၇)ရက်မှ ၂၀၀၄ခုနှစ် ဇူလိုင်လ(၂)ရက် အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့် အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၆၁)နေ ဦးဘတင့် (ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)-ဒေါ်ခင်ဝင်းကြည် (ဆေးသိပ္ပံဦးစီးဌာန၊ ငြိမ်း)တို့၏သား

မောင်ရန်နိုင်ဝင်းတင့်

B.C.Sc (Computer Science)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၉)နေ ဦးမောင်ကို (ကုန်သွယ်လယ်ယာ၊ ငြိမ်း)-ဒေါ်သန်းသန်းဌေးတို့၏သမီး

မစိုးစိုးဆင့်

B.C.Sc (Computer Science)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ထိမ်းမြားမင်္ဂလာဆောင်နှင်း ပြီးဖြစ်ပါ၍ **၅-၆-၂၀၀၄**နေ့တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာညှိခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရန်နိုင်ဝင်းတင့်-မစိုးစိုးဆင့်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ (၃၆)လမ်းနေ ဦးမောင်မောင်ဝင်း-ဒေါ်ခင်မေစီတို့၏ တစ်ဦးတည်းသောသား

မောင်အောင်ဇော်လတ် B.Sc (Physics), (D.M.A)

(Pacific International Lines Pte Ltd.) နှင့်

ရန်ကုန်မြို့၊ (၂၈)လမ်းနေ ဦးအောင်မြင့်-ဒေါ်စန်းစန်းမော်တို့၏ တစ်ဦးတည်းသောသမီး

မမော်မော်အောင် B.Sc (Physics)

တို့သည် ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ နှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇော်လတ်-မမော်မော်အောင်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
ရန်ကုန်မြို့
လင်းနို့ချေး၊ ဖယောင်းဖျက်ရောင်းရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် လင်းနို့ချေး(၂၉၄၆)ပိဿာနှင့် မီးသင့် ဖယောင်းဖျက် (၄၄၆၂)ပိဿာခန့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်များ တစ်စုံလျှင် (၅၀၀ိ/-)နှုန်းဖြင့် ဝယ်ယူပြီး ၁၆-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် (၁၁)နာရီနောက်ဆုံးထား၍ ဈေးပြိုင်ချိပ်ပိတ် တင်ဒါတင်သွင်းနိုင်ကြောင်းကြော်ငြာအပ်ပါသည်။ **ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့။**



လုံးချင်း၊ မြေ ဝယ်ပါမည်

ဗဟန်း၊ ၅-၆-၇မိုင်၊ ရန်ကင်း၊ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၃၇၈၀၁၁။

တိုက်ခန်းအမြန်ရောင်းမည်

၁၇ ၃/၄'x၅၀'၊ ခေါင်းရင်းခန်း၊ ကျွန်းတောလမ်း၊ မူးယစ်ပြတိုက် အနီး၊ ညှိနှိုင်းဈေး။

ဖုန်း-၀၉ ၅၀၀ ၁၇၀၁။

အများသိစေရန်ကြေညာခြင်း

ဖြူးမြို့၊ ပဲခူးလမ်း တောင်ပိုင်းနေ မနွယ်နွယ်ဦး [၇/ဖမန(နိုင်)၀၇၅၈၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ခင်ပွန်းဖြစ်သူ မောင်လှပြုံး [၉/တသန(နိုင်)၁၁၇၇၃၅]၏ ညှဉ်းပန်း နှိပ်စက်မှုကြောင့် ကျွန်ုပ်၏အမှုသည် မနွယ်နွယ်ဦးသည် ကိုယ်စိတ်နှလုံး အကြိမ်ကြိမ်ဆင်းရဲရသည့်အပြင် မောင်လှပြုံးသည် ခွင့်မလွှတ်နိုင်သော အမှား များစွာကို ကျူးလွန်နေသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှစွန့်လွှတ်လိုက်၍ ၎င်းနှင့်လုံးဝမသက်ဆိုင်တော့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်တင် (ဘီ၊ အေ၊ အိပ်၊ ဂျီ၊ ပီ)

အထက်တန်းရှေ့နေ (စဉ်-၄၁၇၀) (၁-၁၂-၇၇)

အမှတ်-၅၊ (၂)လမ်း၊ ဖြူးမြို့။

အမည်ပြောင်းခြင်း

ဦးဘကြွယ်၏သမီး ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ တွဲဖက်အလက(၂) အဌမတန်း(အောင်)မှ မခင်အေးဝင်းအား ယနေ့မှစ၍ မကေဇင်လှိုင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

အမည်ပြောင်းခြင်း

ဦးကျော်ဟန်၏သမီး စစ်တွေမြို့ အထက(၅) နဝမတန်း(A)မှ မဆန်းဆန်းဝင်းအား မမြတ်သီရိဇံဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်သီရိဇံ။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းခုံရပ်နေ အမျိုးသားမှတ်ပုံတင်အမှတ် [၁၃/ကတန(နိုင်)၀၆၄၃၂၃] ကိုင်ဆောင်သူ ဒေါ်နာဖတ်၏ဖခင်အမည်မှန်မှာဦးလောဆန် ဖြစ်ပါကြောင်း။

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အိုလံပစ်တာဝါ(၂)၊ အာရှဓနဘဏ်လီမိတက်(ရုံးချုပ်)၊ ကတ်ဌာနမန်နေဂျာ ဦးစန်းတင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

အာရှဓနဘဏ်လီမိတက် ကတ်ဌာနတွင် (Credit Card) သုံးစွဲခွင့်လျှောက်ထားပြီး သုံးစွဲခဲ့ရာ ဘဏ်သို့ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သိစေအပ်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	လုပ်ငန်း
၁။	ဦးစိုးနိုင်	[၁၂/ကတတ(နိုင်) ၀၀၁၅၂၈]	အမှတ် ၂၂၆၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။	Happy Palace
၂။	ဒေါ်ချယ်ရီ	[၁၂/တမန(နိုင်) ၀၁၀၄၆၃]	အမှတ်(၉)၊ (၈)ထပ်၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း။	Merchant
၃။	ဦးအောင်ကျော်သူ	[၉/မနမ(နိုင်) ၁၀၃၇၆၇]	အမှတ်(၂၈၁)၊ ပထမထပ်၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်။	S.T.Y Computer Group System Engineer
၄။	ဦးအောင်မြတ်	[၁၂/မဂဒ(နိုင်) ၀၀၄၇၀၁]	အမှတ်(၈၄၆)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း။	ဝင်းပြည့်သာ ကုမ္ပဏီလီမိတက် (M.D)
၅။	ဦးဇော်ဇော်အောင်	[၁၂/ဗဟန(နိုင်) ၀၈၅၁၃၈]	အမှတ်(၁၀၈/G)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။	Myet Wunn Yeik (Ent; Studio) (Desinger)
၆။	ဦးသန်းနိုင်	[G/RGN- ၀၂၇၀၁၅]	RHN(6)၊ ဝေဇယန္တာလမ်း၊ ကူစ္စိတံအိမ်ရာ၊ သဃ်န်းကျွန်း။	ဇောတိကကုမ္ပဏီ
၇။	ဒေါ်ဖြူဖြူဝင်းဦး	[၁၂/မဂတ(နိုင်) ၀၀၁၉၆၈]	အမှတ်(၁၆)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်။	Premier Oil (Senior Technical Asst;)
၈။	ဒေါ်အေးသီတာအောင်	[PBDN- ၀၀၆၆၉၃]	RHN(6)၊ ဝေဇယန္တာလမ်း၊ ကူစ္စိတံအိမ်ရာ၊ သဃ်န်းကျွန်း။	---
၉။	ဒေါ်နေခြည်ဇော်ဌေး	[၁၂/ဗဟန(နိုင်) ၀၉၄၂၁၅]	အမှတ်(၄၆)၊ C/Golden Valley (၂)လမ်း၊ ဗဟန်းမြို့နယ်။	---
၁၀။	ဦးသန်းအောင်ဌေး	[၁၂/ကမရ(နိုင်) ၀၀၁၄၆၅]	အမှတ်(888)၊ ဗိုလ်ချုပ်လမ်း၊ မြောက်ဒဂုံ။	DHL Co., Ltd. (OPS Staff)
၁၁။	ဦးမြတ်နိုးဝေ	[၇/ဖမန(နိုင်) ၀၉၉၁၃၈]	အမှတ်(၂၆)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။	Aung Media (Manager)
၁၂။	ဦးအေးမင်း	[၁၄/မမက(နိုင်) ၁၁၃၄၀၄]	အမှတ်(၁၆၇/၁၆၉)၊ အလုံလမ်း၊ အလုံမြို့နယ်။	ရွှေသံစဉ်ဗီဒီယိုအခွေဆိုင်
၁၃။	U James(a) မျိုးမြင့်	[၁၂/စခန(နိုင်) ၀၅၀၉၂၀]	အမှတ်(၂၉)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။	Wealth Industrial Co., Ltd. (Director)
၁၄။	ဒေါ်ငြိမ်းငြိမ်းအိ	[၁၂/ဗဟန(နိုင်) ၀၀၂၉၁၅]	အမှတ်(၉)၊ မြိတ်လမ်း၊ (၁၉)ရပ်ကွက်၊ တောင်ဒဂုံ။	ထင်ပေါ် မြန်မာစည်ဘီယာ (စားတော်ဆက်)
၁၅။	ဦးဝင်းဆန်းလွင်	[TTN- ၂၀၁၆၅၃]	အမှတ်(၄၇)၊ ၄ဝါလမ်း၊ အလုံမြို့နယ်။	Pink Lady Restaurant
၁၆။	ဒေါ်ဝင်းဝင်းဌေး	[၁၂/တမန(နိုင်) ၁၇၄၁၄၅]	အမှတ်(၁၅)၊ (၁၄၈)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။	Great Feel Country Pub (Owner) ရွှေဂုံသူဖက်ရှင်(ဗိုလ်ချုပ်ဈေး)
၁၇။	ဦးသန်းထိုက်	[၁၂/ရကန(နိုင်) ၀၂၆၂၂၄]	အမှတ်(၉၃)၊ ပထမထပ်၊ မြောင်းကြီးလမ်း၊ ရေကျော်။	May Star Co., Ltd. (Director)
၁၈။	ဦးညိုထွန်းအောင်	[၁၂/လမတ(နိုင်) ၀၁၈၆၄၄]	အမှတ်(၂၉)၊ ဒုတိယထပ်၊ (၇)လမ်း၊ လမ်းမတော်မြို့နယ်။	----

ဖော်ပြပါပုဂ္ဂိုလ်တို့သည် ကတ်လျှောက်ထားရာ၌ အာရှဓနဘဏ်လီမိတက်နှင့် ကတ်လျှောက်ထားသူ တို့သည် ဘဏ်မှခွင့်ပြုငွေပမာဏထက် ကျော်လွန်၍ သုံးစွဲခွင့်မရှိကြောင်း၊ လစဉ်သုံးစွဲငွေကို လကုန်ရက်တွင် ဘဏ်ရှိမိမိ၏စာရင်းမှ ခုနှိမ်သွားမည်ဖြစ်ကြောင်း၊ ၎င်းလကုန်ရက်တွင် ငွေလုံလောက်မှုမရှိပါက နောက်လ ၁၅ ရက်အတွင်း ပေးချေရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောငွေပမာဏထက် ကျော်လွန်သုံးစွဲပါက ၎င်းငွေကို (၇)ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း ဝန်ခံသဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် ဘဏ်မှသတ်မှတ်ခွင့်ပြုငွေထက် ပိုမိုသုံးစွဲပြီး သတ်မှတ်ကာလထက် ကျော်လွန်သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ သုံးစွဲငွေများ ပြေကျေစွာပေးဆပ်ရန် အကြိမ်ကြိမ်အကြောင်း ကြားသတိပေးခဲ့ပါသည်။ သို့သော် အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်သို့ ငွေများ ပြေကျေစွာပေးသွင်းခြင်း မရှိဘဲ ပျက်ကွက်နေကြပါသည်။

သို့ပါ၍ အထက်ပုဂ္ဂိုလ်များသည် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနသို့ (၁၅-၆-၂၀၀၄)ရက် နောက်ဆုံးထား၍ သုံးစွဲသည့်ငွေများ လာရောက်ပေးဆပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့သည် ကျွန်ုပ်၏ တိုက်တွန်းနိူးဆော် အကြောင်းကြားခြင်းကို လိုက်နာဆောင်ရွက် ရန် ပျက်ကွက်ပါက လူကြီးမင်းတို့သည် ပဋိညာဉ်သဘောတူညီချက်များကို ချိုးဖောက်နေကြသဖြင့် တရားဥပဒေ အရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ရာစိုး

တရားရုံးချုပ်ရှေ့နေ

တရားရုံးချုပ်ရှေ့နေအမှတ်-၁၁၈၄။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၂၁၊ နည်း-၆၆

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်(၉၇)

၁။ ဦးသန်းနိုင် နှင့် မြားစက္ကူဝန်ဆောင်မှုကုမ္ပဏီလီမိတက်
၂။ ဒေါ်အေးအေးဌေး (Arrow Paper Services Co.,Ltd)

တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်(၈၈၃/၀၃)တွင် ၂၆-၂-၂၀၀၄နေ့စွဲပါ ငွေဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းတရားရုံး၊ ဘီလစ်ရုံးခန်းတွင် ၁၅-၆-၂၀၀၄နေ့၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ယာဉ်အမှတ်-၂ခ/၇၅၉၁ Canter(၁)စီး ကြမ်းခင်းဈေးကျပ်(၇၀)သိန်း မှတ်ချက်။ ။(က)အထက်ဖော်ပြပါကားသည် တရားရှုံးကုမ္ပဏီပိုင်ဖြစ်သည်။
(ခ)ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံး၊ ဘီလစ် လက်ဝယ်တွင်ရှိသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် မေလ(၂၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၀၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၃၂

(ကွယ်လွန်သူ ဦးမောင်တင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု) အမှတ်-၉၄၁၊ ကျိုက်ဝိုင်းဘုရားလမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်တင်၏ ကျန်ရှိရစ် သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်ခင်ခင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ်၊ ဇွန်လ (၁၀)ရက် (၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်တင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့သည် ၂၀၀၄ ခုနှစ်၊ ဇွန်လ (၁၀) ရက် (၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်ခင်ခင် ၏လျှောက် လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ်၊ မေလ ၂၄ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စပယ်ဖြူလမ်း၊ အမှတ်(၆၁)နေ
ဦးကျော်မြင့်(အင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား၊ အငြိမ်းစား)-ဒေါ်ခင်ခင်သိန်းတို့၏သားထွေး

မောင်သန့်ဇင် B.E(Civil) Y.T.U

M.E (Civil) Saitama University, Japan

နှင့်

ရန်ကုန်မြို့၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၂၁၃)နေ
ဦးမြတ်တိုး(ရန်ကုန်တိုင်း တရားသူကြီး၊ အငြိမ်းစား)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီးလတ်

မမြတ်ချောစု B.E (Civil)Y.T.U

M.Sc (Environmental Engineering) National University of Singapore

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ စင်ကာပူနိုင်ငံ၌ ၁၄-၄-၂၀၀၄ နေ့တွင် လက်ထပ်ပြီး ၂၃-၅-၂၀၀၄နေ့၌ စင်ကာပူနိုင်ငံ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာဦးဆွမ်းကျွေးပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်-မမြတ်ချောစု။



ရောင်းမည်

*FMI City 40'x60' (၂)ထပ်၊ အဆင့်မြင့်ပြင်ပြီး၊ ဖုန်း၊ A/Cပါ။
*မြောက်ဒဂုံ၊ ပင်လုံလမ်းမကြီးပေါ်၊ ၃၂/ထောင့်ကွက်၊ 40'x60' အိမ်၊ ရေ၊ မီးပါ။

ကိုယ်ပိုင်ရောင်း
ဖုန်း-၂၁၁၆၄၉။

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်နု

အသက်(၇၉)နှစ်

(လေးမျက်နှာ)

ရောဝတီတိုင်း၊လေးမျက်နှာမြို့နယ်၊ ကညင်သောင်အုပ်စု၊ မြစ်ကျိုးရွာနေ (ဦးကုလားကြီး-ဒေါ်စိန်ညွန့်)တို့၏ သမီး၊ ဦးစောမောင်၏ညီမ၊ ဒေါ်အုန်းကြည်-ဦးစိန်ဝင်းတို့၏ အစ်မကြီး၊ ဖော့ကန်မင်္ဂလသိရီစာသင်တိုက်ပဓာန နာယကဆရာတော် ဦးစန္ဒာသိရီဘိဝံသ၊ ကိုကံဝင်း-မသန်းဌေး၊ (ကိုမြင့်ဝင်း)-မကြည်၊မစန်းနွဲ့တို့၏မွေးမိခင်၊ ကေသီလွင်၊ဝင်းမာရီ၊ချို့နွယ်လွင်၊ကျော်ကျော်လွင်၊ ဝေဝေနှင်းတို့၏ အဖွားဖြစ်သူသည် ၃-၆-၂၀၀၄ရက်နေ့ ညနေတွင်အင်းစိန် သီရိစန္ဒာအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇-၆-၂၀၀၄ရက်နေ့(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂

ဦးအောင်သိန်း နှင့် ၁။ဒေါ်တင်နွဲ့ရီ၊ ၂။ဒေါ်မိုးသီတာ ၃။ဒေါ်မိုးမိုးဆန်း

တရားလို

